# နယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေး အဖွဲ့ချုပ်ကြီး (TBC)
# နှစ်စဉ်အစီရင်ခံစာ ၂၀၂၃ ခုနှစ်

## မြော်မြင်ချက်

TBC အဖွဲ့ကြီးက အိုးအိမ်စွန့်ပစ် ထွက်ပြေးရသည့် လူထု အသိုက်အဝန်းများအနေဖြင့် လူ့အခွင့်အရေး ပြည့်ဝသည့်၊ လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်ပြီး၊ ကွဲပြားခြားနားမှုကို လက်ခံနိုင်မည့် အနာဂတ်တခုကို မြော်မြင်ထားပါသည်။

## ဦးတည်ချက်

TBC အဖွဲ့ကြီးသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ မဟာမိတ်အဖွဲ့တခု ဖြစ်ပြီး၊ မြန်မာ အရှေ့တောင်ပိုင်းဒေသမှ အိုးအိမ်စွန့်ပစ် ထွက်ပြေးလာရသူများ၊ စစ်ပွဲ ပဋိပက္ခ ထိခိုက်ခံစားကြရသူ လူထုများနှင့် အတူတကွ လုပ်ဆောင်ကာ လူသားချင်း စာနာမှု ဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရေးအတွက် လူ့အခွင့်အရေး အခြေခံသည့် ပံ့ပိုးမှုများနှင့် ရပ်ရွာက ဦးဆောင်သည့် ချဉ်းကပ်မှုများဖြင့် တရားမျှတမှု၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်နေသည်။

### တန်ဖိုးထားမှုများ

- ဂုဏ်သိက္ခာ နှင့် လေးစားမှု
- တရားမျှတမှု နှင့် တန်းတူမှု
- ယုံကြည်မှု နှင့် သမာဓိရှိမှု
- အဓိပ္ပါယ်ပြည့်ဝသော ပါဝင်မှုနှင့် ခေါင်းဆောင်မှု

### အဖွဲ့ဝင် အဖွဲ့အစည်းများ

Christian Aid, United Kingdom (UK) and Ireland; Church World Service, USA; Dan Church Aid, Denmark; Diakonia, Sweden; Cordaid, Netherlands; Inter Pares, Canada; International Rescue Committee (IRC), USA; the National Council of Churches Australia (NCCA)-Act for Peace, Australia; and Norwegian Church Aid, Norway.

## TBC အဖွဲ့၏အကြောင်း

TBC အဖွဲ့သည် နိုင်ငံ ၉ ခုမှ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်း (အိုင်အဲန်ဂျီအို) ၉-ခု ပေါင်းစည်းထားသည့် အသင်းအဖွဲ့ ဖြစ်သည်။ ၎င်းကို အဖွဲ့ဝင် ၇ ဦးပါဝင်သည့် ဒါရိုက်တာဘုတ်အဖွဲ့က စီမံခန့်ခွဲပြီး၊ အမှုဆောင် ဒါရိုက်တာက ဦးဆောင်သည်။ ၎င်းက ဘုတ်အဖွဲ့ကို အစီရင်ခံဖြေကြားရသည်။ အဖွဲ့ဝင်များအဖြစ် စိတ်ဝင်စားမှုနှင့် ဦးတည်ချက်တူညီသည့် (အိုင်အဲန်ဂျီအို) များကို ခွင့်ပြုထားသည်။ TBC အဖွဲ့၏ ဌာနချုပ်ရုံးကို ဘန်ကောက်မြို့တွင် ထားရှိပြီး၊ ထိုင်းနိုင်ငံတွင် ရှေ့တန်းရုံးခွဲ ၃ ခု ရှိသည်။

TBC အဖွဲ့က ထိုင်းအစိုးရ (RTG) နှင့် ပူးပေါင်းလုပ်ကိုင်၍ ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန (MoI) ၏ စည်းမျဉ်းများကို လိုက်နာသည်။ TBC အဖွဲ့၏ အမှုဆောင်ကော်မီတီ အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံတွင်း အိုးအိမ်စွန့်ပစ် ထွက်ပြေးလာကြရသူများအတွက် ဝန်ဆောင်မှုပေးရေး ပူးပေါင်းဆောင်ရွက်မှု ကော်မီတီ (CCSDPT) ၏ အဖွဲ့ဝင်များလည်း ဖြစ်သည်။ ယင်းတွင် အိုင်အဲန်ဂျီအို အဖွဲ့အစည်း ၁၂ ခု ပါဝင်ပြီး၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် ညှိနှိုင်းဆောင်ရွက်သည်။ TBC အဖွဲ့၏ အစီအစဉ်များသည် CCSDPT/UNHCR တို့၏ ရေရှည်တည်တံ့သည့် အဖြေများ ရှာဖွေရေး မဟာဗျူဟာ မူဘောင်များနှင့်လည်း ကိုက်ညီပြီး၊ ဒုက္ခသည်ကော်မီတီများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ (CBOs)၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs) ၏ မိတ်ဖက်ပြုမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည်။

TBC အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု နှင့် ကပ်ဘေးဆိုင်ရာ ကယ်ဆယ်မှုပေးရေး အဲန်ဂျီအိုများ၏ ကျင့်ထုံးများ (Code of Conduct) ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းတခု ဖြစ်သည်။ TBC အဖွဲ့က ဤတာဝန်အောက်တွင် ကျရောက်သည့် ကလေးသူငယ်များအပေါ် ကာကွယ်မှုပေးရေးအတွက် ခိုင်မာသည့် သံန္နိဋ္ဌာန် ချမှတ်ကျင့်သုံးသည်။ TBC အဖွဲ့၏ လိုက်နာရမည့် ကျင့်ထုံးများ၊ ကလေးများ လုံခြုံမှုရှိစေရေးနှင့် ကာကွယ်မှုပေးရေး မူဝါဒ၊ လိင်မှုဆိုင်ရာ ခေါင်းပုံဖြတ်

မှု၊ ချိုးဖောက်မှုနှင့် ချိုးနှိမ်စော်ကားမှုဆိုင်ရာ (PSEAH) မူဝါဒကို ဝန်ထမ်းအဖွဲ့ဝင်များ၊ ဘုတ်အဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ကန်ထရိုက်တာများ၊ ဧည့်သည်များ အားလုံးက လိုက်နာကျင့်သုံးရသည်။ TBC အဖွဲ့က ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်နစ်နာရသူ လူထုများအတွက် အချိန်နှင့်တပြေးညီ၊ အရည်အသွေးရှိသည့် ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းနေပါသည်။ လုပ်ငန်းနှင့် ပတ်သက်၍ တစုံလုံးဆိုင်ရာ အတွေးအခေါ်မှာ အစီအစဉ်များ ဒီဇိုင်းရေးဆွဲရာ၊ အကောင်အထည်ဖော်ရာ နှင့် စောင့်ကြည့်မှု၊ တုံ့ပြန်ချက် ရယူမှုများတွင် ရပ်ရွာလူထု၏ ပါဝင်ဆောင်ရွက်မှု ကို အမြင့်မားဆုံး မြှင့်တင်ပေးရေး ဖြစ်သည်။

TBC အဖွဲ့သည် အင်္ဂလန် နှင့် ဝေလပြည်နယ် (England and Wales) တွင် အာမခံထားသော ကုမ္ပဏီ (Company limited) တခု ဖြစ်သည်။ (ကုမ္ပဏီအမှတ်- 05255598) အလားတူပင် အင်္ဂလန် နှင့် ဝေလပြည်နယ် (England and Wales) တွင် ပရဟိတ ကော်မရှင် (Charity Commission) တခုအဖြစ် မှတ်ပုံတင်ထားသည်။ (အသင်းအဖွဲ့နံပါတ်- 1109476)။ TBC အဖွဲ့၏ မှတ်ပုံတင်ထားသည့် ရုံးလိပ်စာမှာ **35 Lower Marsh, London SE1 7RL** ဖြစ်သည်။ အဖွဲ့အစည်းတခုအနေဖြင့် TBC အဖွဲ့သည် ခရစ်ယာန် အေဂျင်စီများ၏ ညွန့်ပေါင်းအဖွဲ့ချုပ်တခု အဖြစ်မှနေ၍ Consortium of Christian Agencies (1984) မြန်မာနိုင်ငံ နယ်စပ်တလျှောက် ကူညီစောင့်ရှောက်ပေးရေးဆိုင်ရာ အဖွဲ့ကြီး Burmese Border Consortium (1991)၊ ထို့နောက် Thailand Burma Border Consortium (2004) နှင့် နောက်ဆုံး လက်ရှိအမည် The Border Consortium (2012) သို့ တဖြည်းဖြည်း ဖွံ့ဖြိုးလာခဲ့ခြင်း ဖြစ်သည်။

TBC အဖွဲ့၏ ၂၀၂၃ ခုနှစ် ထိုင်းနိုင်ငံ နှင့် မြန်မာနိုင်ငံဆိုင်ရာ အစီအစဉ်များအတွက် စုစုပေါင်း လည်ပတ်မှု လုပ်ငန်းအသုံး စားရိတ်မှာ ထိုင်းဘတ်ငွေ (THB) ၈၅၂ သန်း (ခန့်မှန်း အမေရိကန်ဒေါ်လာ (USD) ၂၆.၅ သန်း) ရှိပါသည်။ TBC အဖွဲ့ အစည်း၏ ဝက်ဘ်ဆိုဒ် www.theborderconsortium.Org မှ တဆင့် လှူဒါန်းမှုများ ပြုနိုင်သည်။ TBC အဖွဲ့အကြောင်းကို လူမှုကွန်ရက် Facebook နှင့် Twitter တို့တွင်လည်း တွေ့ရှိနိုင်သည်။

## အစီရင်ခံစာ အကျဉ်းချုပ်

ယခု အစီရင်ခံစာသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လွှမ်းခြုံပြီး၊ TBC အဖွဲ့၏ ၂၀၂၃-၂၅ ခုနှစ် မဟာဗျူဟာဆိုင်ရာ လမ်းညွှန်များအပေါ် အခြေခံ၍ TBC အဖွဲ့၏ ဖြစ်ပေါ်တိုးတက်မှုများကို တင်ပြထားပါသည်။ TBC အဖွဲ့၏ ကဏ္ဍပေါင်းစုံ တုံ့ပြန်ဆောင်ရွက်ပေးမှုများနှင့် ဒေသခံမိတ်ဖက်အဖွဲ့များ၏ ကူညီပံ့ပိုးမှုများကြောင့် အိုးအိမ်စွန့်ပစ် ထွက်ပြေးလာရသူနှင့် စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်ခံစားရသူ စုစုပေါင်း ၄၀၀,၀၀၀ ဦးကို ၂၀၂၃ ခုနှစ်အတွင်းတွင် သူတို့၏ ကြံ့ကြံ့ခံနိုင်မှုကို အားဖြည့်ပေးနိုင်ခဲ့ပါသည်။ ၎င်းတို့တွင် ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်း ၉-ခုရှိ လူဦးရေ ၈၈,၀၀၀ နှင့် ထိုင်း-မြန်မာနယ်စပ်တလျှောက် ပြန့်ကျဲ နေထိုင်ကြသည့် ထိခိုက်နစ်နာဖွယ်ရှိသူ နောက်ထပ် ၂၀,၀၀၀ နှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ ပြည်တွင်းဒုက္ခသည် အနည်းဆုံး ၃၀၀,၀၀၀ ဦးတို့ ပါဝင်ပါသည်။

ထိုင်းနိုင်ငံတွင်၊ TBC အဖွဲ့က ဒုက္ခသည်စခန်းများအတွင်း ကျန်ရှိနေသူ ဒုက္ခသည် ၈၈,၉၅၃ ဦး၏ လူသားချင်းစာနာမှုဆိုင်ရာ လက်ငင်း လိုအပ်ချက်များကို ၂၀၂၃ ခုနှစ် အကုန်အထိ ဖြည့်ဆည်းပံ့ပိုးပေးခဲ့ပြီး၊ စားနပ်ရိက္ခာကဒ် စနစ်မှတဆင့် အစားအစာ ထောက်ပံ့ပေးခြင်းနှင့် အမိုးအကာပစ္စည်းများ ပံ့ပိုးပေးခြင်း ပြုခဲ့သည်။ မိခင်၊ နို့တိုက်ကလေးနှင့် မွေးကင်းစ ကလေးငယ်များ အတွက် အာဟာရ ရရှိမှုဆိုင်ရာ ပံ့ပိုးပေးမှု (MIYCF) လှုပ်ရှားဆောင်ရွက်မှုများကို ဆက်လက်၍ ပံ့ပိုးဆောင်ရွက်နေပြီး၊ ၂၀၂၂ ခုနှစ် အာဟာရ ရရှိမှုဆိုင်ရာ စစ်တမ်းကောက်ယူမှုဆိုင်ရာ ရလဒ်များကို နိဂုံးချုပ်နိုင်ခဲ့သည်။ ပြီးခဲ့သည့်တနှစ်လုံးတွင် စခန်းကော်မီတီများအတွက် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုများနှင့် အရည်အသွေးမြှင့်တင်ပေးမှုများ ဆက်လက်၍ ဆောင်ရွက်ခဲ့သည်။ စခန်းပြင်ပတွင် အသစ် ရောက်ရှိလာသူ ဒုက္ခသည်အသစ်များအတွက် အရေးပေါ်တုံ့ပြန် ဆောင်ရွက်မှု အစီအစဉ်၏ တစိတ်တပိုင်းအနေဖြင့် ထောက်ပံ့ ကူညီပေးခဲ့သည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် ဒုက္ခသည်များ အိမ်ပြန်ရေးမှာ မဖြစ်နိုင်သေးဘဲ ရှိနေရာ၊ ဖြစ်နိုင်သည့်စခန်းများမှာ အမေရိကန်ပြည်ထောင်စုနှင့် တတိယနိုင်ငံများသို့ ပြောင်းရွှေ့အခြေချရေး အစီအစဉ် ပြန်ဖွင့်သည့်အခါ စခန်းများမှ ဒုက္ခသည်များ တဖြည်းဖြည်းချင်း ထွက်ခွာမှု နည်းလမ်းတခုအဖြစ် ပြန်၍ဖြစ်လာနိုင်သည်။

မြန်မာနိုင်ငံတွင် TBC အဖွဲ့၏ ဒေသခံမိတ်ဖက် အဖွဲ့အစည်းများက ပြည်တွင်းဒုက္ခသည် ၃၀၀,၀၀၀ ဦး၏ ထိခိုက်နစ်နာမှုများကို လျှော့နည်းစေရန် ကူညီပံ့ပိုးနိုင်ခဲ့သည်။ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးမှုများကို ဦးစားပေး၍ အစားအစာ၊ အမိုးအကာနှင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဝန်ဆောင်မှုများ ရရှိစေခြင်းကို အရေးပေါ် ဆောင်ရွက်ပေးခဲ့သည်။ ရပ်ရွာက

ဦးဆောင်သည့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့စေခြင်း၊ သဘာဝရင်းမြစ် စီမံခန့်ခွဲမှုနှင့် အာဟာရ ရရှိမှု မြှင့်တင်ပေးခြင်း တို့ကို ပံ့ပိုး ကူညီပေးခြင်းအားဖြင့်၊ ကြံ့ကြံ့ခံနိုင်မှုနှင့် ပြန်လည်နာလံထမှုတို့ကို အားဖြည့်ပေးနိုင်ခဲ့သည်။ ကာကွယ်ပေးမှု နှင့် လုံခြုံမှုရှိသော အနာဂတ်များ မြှင့်တင်ပေးရေးအတွက် လူ့အခွင့်အရေးများနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများကို သိရှိအောင် ပညာပေးခြင်းကို တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး၊ လူမှုရေးအရ ကာကွယ်ပေးမှုများစနစ်များကိုလည်း စည်းရုံးဆောင်ရွက်အကောင်အထည်ဖော်ခဲ့သည်။ မြေယာ အုပ်ချုပ်မှုစနစ်များ၊ ပြည်သူ့ အုပ်ချုပ်ရေး စွမ်းရည်များနှင့် အဖွဲ့အစည်းများအကြား ပူးပေါင်း ဆောင်ရွက်မှု နှင့် ရပ်ရွာလူထုများထံမှ တုံ့ပြန်အကြံပြုမှုများ ပြန်လည်ရယူသည့် စနစ်များတွင် ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် ဒေသန္တရ အုပ်ချုပ်မှုစနစ်ကို အားကောင်း ခိုင်မာစေခဲ့သည်။

## အခန်း (၁)။ နောက်ဆုံးအခြေအနေ ဖော်ပြချက်

၂၀၂၃ ခုနှစ်တွင် TBC အဖွဲ့၏လုပ်ငန်းများသည် မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းများအပေါ် တုံ့ပြန်ဆောင်ရွက်မှုမှ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ စစ်ပွဲ ပဋိပက္ခများ ထိခိုက်သက်ရောက်ခံရသော လူထုများသည် အရေးပေါ် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ ကြုံတွေ့ရပြီး ထိုင်းနိုင်ငံ နယ်စပ်ဒေသများအထိ ဆက်လက် ပျံ့နှံ့သက်ရောက်စေခဲ့ပါသည်။ TBC အဖွဲ့၏ ခန့်မှန်းချက်များအရ အနည်းဆုံး လူဦးရေ ၉၀,၀၀၀ အထိ စစ်ပွဲ ပဋိပက္ခများအပေါ် ကြောက်ရွံ့၍ သို့မဟုတ် ဖိနှိပ်ညှဉ်းပန်းမှုများကြောင့် ထိုင်းနိုင်ငံသို့ စစ်အာဏာသိမ်းချိန်မှစ၍ ထွက်ပြေးလာကြရပြီး၊ ၂၀၂၃ ခုနှစ်တွင် လူပေါင်း ၃၀,၀၀၀ အထိ ရှိနိုင်ပါသည်။ ၎င်းတို့တွင် ကရင်၊ ကရင်နီ တိုင်းရင်းသား ကျေးရွာလူထုများနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးနေသူများ နှင့် ဒီမိုကရေစီ လိုလားထောက်ခံသူ တက်ကြွလှုပ်ရှားသူများအထိ ပါဝင်နိုင်ပါသည်။

၂၀၂၃ ခုနှစ်၊ မေလတွင် ထိုင်းနိုင်ငံ၌ အထွေထွေ ရွေးကောက်ပွဲကျင်းပခဲ့ပြီး မဲအများစုကို ရှေ့သို့ချီပါတီ (Move Forward Party) က အနိုင်ရရှိခဲ့ပါသည်။ သို့သော်လည်း ရှေ့သို့ချီပါတီက ဒုတိယအများဆုံး အနိုင်ရရှိသော ဖွေ့ထိုင်းပါတီ (Pheu Thai) ပါတီနှင့် အလုပ်ဖြစ်နိုင်သော ညွန့်ပေါင်းအစိုးရကို အောင်မြင်စွာ မဖွဲ့စည်းနိုင်ခဲ့ပါ။ ဖွေ့ထိုင်းပါတီက အမည်တင်သွင်းသည့် ဝန်ကြီးချုပ် ဆရီထာ ထဝိဆင် (Srettha Thavisin) ကို လွှတ်တော်က သြဂုတ်လ ၂၂ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရပါသည်။ သီးခြားလွတ်လပ်သည့် စောင့်ကြည့်လေ့လာသူများက ယခု ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသည်ဟု ကြေညာခဲ့ကြပါသည်။ နိုင်ငံရေးအရ မတည်မငြိမ် ဖြစ်နေခြေများ ရှိနေခဲ့သည် ဆိုသော်ငြားလည်း ထိုင်းနိုင်ငံ၏ နိုင်ငံရေးအခြေအနေမှာ အကျယ်အပြန့်အားဖြင့် တည်ငြိမ်နေခဲ့ပါသည်။ အချို့သော အစိုးရဆန့်ကျင်သူများနှင့် ဘုရင်စနစ် ဆန့်ကျင်သူများက ဆန္ဒပြပွဲများ ဆောင်ရွက်ခဲ့ကြသော်လည်း ဘန်ကောက်တွင်သာ အများဆုံး ဖြစ်ပေါ်ခဲ့သည်။ ထိုင်းနိုင်ငံက သတင်းမီဒီယာများနှင့် နိုင်ငံသားတို့၏ နယ်ပယ်အပေါ် ဖိနှိပ်ချုပ်ချယ်မှုများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ လျှော့ကျမသွားဘဲ ဆက်လက်၍ ဖြစ်ပေါ်နေသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းချိန်မှ စတင်၍ မြန်မာနိုင်ငံတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (SAC) က အရပ်သား ၄,၃၀၀ ကျော်ကို သတ်ဖြတ်ခဲ့ပြီး၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ ၂၅,၀၀၀ ကျော်ကို ထိန်းသိမ်းချုပ်နှောင်ထားခဲ့သည်။ ကုလသမဂ္ဂအဖွဲ့၏ မပြည့်စုံ အနည်းဆုံးသော ခန့်မှန်းချက်များအရပင်လျှင် ပြည်တွင်း ဒုက္ခသည် ၂.၆ သန်းမှာ တနိုင်ငံလုံးတွင် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ ထွက်ပြေးနေကြရသည်။ ယင်းတို့တွင် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသမှ ပြည်တွင်း ဒုက္ခသည် ၆၈၄,၀၀၀ ဦးလည်း ပါဝင်သည်။

မြန်မာ့တပ်မတော် (MAF) က မြေပြင်ပေါ်တွင် နယ်မြေများ ဆုံးရှုံးလက်လွှတ်ရပြီးနောက် လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီး ပစ်ခတ်မှုများဖြင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ စစ်ပွဲဖြစ်ပွားသည့် နယ်မြေများတွင် ဆက်လက်၍ တိုက်ခိုက်နေသည်။ စစ်တပ်၏ မဟာဗျူဟာမှာ အရပ်သားပြည်သူများအပေါ် ကြောက်မက်ဖွယ် အန္တရာယ်ပေးနေပြီး၊ ရန်-ငါ အရပ်သား-စစ်သား မခွဲခြားဘဲ တိုက်ခိုက်နေသည့် သဘောသဘာဝကြောင့် ကျောင်းများ၊ ဆေးရုံများကို တိုက်ခိုက် ဖျက်ဆီးပစ်နေသည်။ ယင်း သည် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေခြင်း ဖြစ်သည်။

## သမိုင်းကြောင်း နောက်ခံအခြေအနေ

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ဒုက္ခသည်များ စတင်ထွက်ပြေး ဝင်ရောက်လာခြင်းသည် ၁၉၇၅ ခုနှစ်မှ စတင်ဖြစ်ပေါ်လာခဲ့သည်။ မြန်မာစစ်တပ်က ဆောင်ရွက်သည့် သောင်းကျန်းသူ နှိမ်နင်းရေး စစ်ပွဲများကြောင့် ဖြစ်ပေါ်လာရပြီး၊ ၎င်းစစ်ဆင်ရေးများက နိုင်ငံ၏ အရှေ့တောင်ပိုင်းဒေသရှိ အရပ်သားပြည်သူများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။ ဤအကျပ်အတည်းကို တုံ့ပြန်ဖြေရှင်းနိုင်ရန် ထိုင်းအစိုးရ (RTG) က ၁၉၈၄ ခုနှစ်တွင် ဒုက္ခသည်စခန်းများကို တည်ထောင်ပေးခဲ့ပြီး၊ ယာယီခိုလှုံရေးစခန်းများအဖြစ် အသိအမှတ်ပြုထားခဲ့သည်။ ယနေ့ကာလတွင် စခန်း ၉-ခုသည် မြောက်ပိုင်းတွင် မဲဟောင်ဆောင်ခရိုင်မှနေ၍ ဘန်ကောက်၏ အနောက်တောင်ဖက် ရတ်ချ်ဘူရီခရိုင်အထိ ကျယ်ပြန့်စွာ နယ်စပ်တလျှောက် တည်ရှိသည်။

နိုင်ငံတကာ အဖွဲ့အစည်းများစွာ တည်ရှိနေခဲ့ကြသည့် ကမ္ဘောဒီးယားနယ်စပ်နှင့် မတူညီသည့် အခြေအနေမှာ ထိုင်းအစိုးရ (RTG) က လူသားချင်းစာနာမှု အကူအညီများ ထောက်ပံ့ပေးနိုင်ရန် ကုလ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ကို မဖိတ်ကြားရန် ဆုံးဖြတ်ခဲ့သည်။ ဤရလဒ်ကြောင့် လူများ မြန်မာနိုင်ငံမှနေ၍ ထိုင်းနိုင်ငံသို့ ထွက်ပြေးလာကြရာ အစောပိုင်းကာလများတွင် လက်တွေ့ကွင်းဆင်းဒေသများ၌ UNHCR  က အကန့်အသတ်ဖြင့်သာ ပါဝင်နိုင်သည်။ ယင်းအစား ၁၉၈၄ ခုနှစ်တွင် အေဂျင်စီအဖွဲ့အစည်း အချို့က မိမိတို့၏ဆန္ဒအလျှောက် ပူးပေါင်းဆောင်ရွက်၍ ထိုင်းအစိုးရ (RTG) ၏ မေတ္တာရပ်ခံချက်ကို တုံ့ပြန်၍ ဒုက္ခသည်များအတွက် အခြေခံလူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပေးအပ်ခဲ့ကြသည်။ ဤအေဂျင်စီ အဖွဲ့အစည်းများက ခရစ်ယာန်အဖွဲ့အစည်းများ၏ ညွန့်ပေါင်းအဖွဲ့ (Consortium of Christian Agencies) အဖြစ် ဖွဲ့စည်း၍  နောက်ပိုင်းတွင် ဘာသာရေးနှင့် ကင်းရှင်းသည့် အေဂျင်စီအဖြစ် ဖွဲ့စည်းဖွံ့ဖြိုးလာကြသည်။ယနေ့ကာလတွင် နယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေး ညွန့်ပေါင်းအဖွဲ့ကြီး (The Border Consortium) ဟု ခေါ်တွင်သည်။ ဒုက္ခသည်စခန်းများအတွင်း တည်ရှိနေသည့် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ တည်ဆဲဖွဲ့စည်းပုံများနှင့် မိတ်ဖက်ပြု၍ ကယ်ဆယ်ကူညီရေး အစီအစဉ်များကို ညှိနှိုင်းဆောင်ရွက်နေသည်။ မြန်မာနိုင်ငံမှ ယခင် ရွာလူကြီးများနှင့် ခရိုင်ခေါင်းဆောင်များက ကယ်ဆယ်ရေး အစီအစဉ်များကို ကြီးကြပ်ဆောင်ရွက်ကြသည်။ အချိန်ရလာသည်နှင့်အမျှ ဤဖွဲ့စည်းထားပုံများကို စခန်းများ၏ စီမံခန့်ခွဲမှု စနစ်များအတွင်း ပူးပေါင်းပါဝင်စေပြီး၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာ အခြေခံမူများနှင့် စံနှုန်းများက လမ်းညွှန်ထားသည့်အတိုင်း လိုက်နာဆောင်ရွက်ကြရသည်။ လက်ရှိတွင် စခန်းများအတွင်းရှိ အဓိကကျသည့် ခေါင်းဆောင်မှုအခန်းကဏ္ဍများကို ရွေးချယ်တင်မြှောက်ကြပြီး ရပ်ရွာလူထု၏ ကိုယ်စားပြုမှုနှင့် ပါဝင်ဆောင်ရွက်နိုင်မှုကို သေချာဖြစ်ပေါ်စေရန် ဆောင်ရွက်ပေးသည်။

## စခန်းများ၏ ခြုံငုံအခြေအနေ

ထိုင်း-မြန်မာနယ်စပ်ရှိ စခန်း ၉-ခုတွင် မတူကွဲပြားသည့် လူထုများ နေထိုင်နေကြသည်။ ယင်းလူထုများ၏ ခန့်မှန်း ၉၀% မှာ ကရင်နှင့် ကရင်နီတိုင်းရင်းသား အုပ်စုများမှ ဖြစ်ကြပြီး ကျန် ၁၀% မှာ အခြားသော တိုင်းရင်းသားများ ဖြစ်ကြသည်။ ကရင်ဒုက္ခသည် ကော်မီတီ (KRC) နှင့် ကရင်နီ ဒုက္ခသည်ကော်မီတီ (KnRC) တို့က စခန်းများ စီမံခန့်ခွဲမှု ယန္တယားများနှင့် စခန်းများ အုပ်ချုပ်ရေးအတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်ကြသည်။ စခန်းများအလိုက် အများစုတည်ရှိနေသည့် တိုင်းရင်းသားအုပ်စုများကို ကိုယ်စားပြု၍ ဖွဲ့စည်းထားခြင်း ဖြစ်သည်။ (KnRC) ကော်မီတီက မဲဟောင်ဆောင်ခရိုင်ရှိ **ဘန်နို့မိုင်နန်းဆွယ် နှင့် ဘန်မဲ့စူရင်း စခန်းများ**ကို ကြီးကြပ်ကြပြီး၊ KRC ကော်မီတီကမူ ခရိုင် ၃-ခု ရှိ **မဲ့လအုန်း၊ မဲ့ရော်မူ (မဲ့ရမတ်လွန်)၊ မဲလ၊ အုန်းဖျံမိုင်၊ နိုဖိုး၊ ဘန်တုန့်ယန်း နှင့် ထမ်ဟင်စခန်းများ**ကို ထိုင်းနိုင်ငံ ခရိုင် ၄-ခုတွင် ကြီးကြပ်ကြသည်။

ဤစခန်းများတွင် အတန်အသင့် လူမှုအသိုက်အဝန်းများ တည်ရှိနေကြသည်။ လူဦးရေအားဖြင့် ဘန်မဲ့စူရင်းတွင် ခန့်မှန်း ၂,၇၀၃ ဦးမှနေ၍ မဲလစခန်းတွင် ၂၉,၆၁၅ ဦး နေထိုင်ကြသည်။ စခန်းတခုချင်းစီတွင် ရွေးချယ်တင်မြှောက်ထားသည့် စခန်းကော်မီတီက စီမံ အုပ်ချုပ်၍ ကြီးကြပ်သည့် ကော်မီတီများနှင့် အလုပ်အဖွဲ့များကို ကဏ္ဍအလိုက် ဖွဲ့စည်းထားရှိသည်။ ဥပမာအားဖြင့် စားနပ်ရိက္ခာ အကူအညီပေးရေး၊ သက်မွေးဝမ်းကျောင်း၊ အမိုးအကာ၊ လူမှုဖူလုံရေးကိစ္စများ နှင့် ရပ်ရွာလုံခြုံရေး စသည်ဖြင့် အကူအညီများနှင့် ပတ်သက်၍ ဖြစ်သည်။ စခန်းတခုချင်းစီတွင် ရပ်ကွက်များ ခွဲခြားထားသည်။ ရပ်ကွက်တခုချင်းကို စီမံခန့်ခွဲရန် ရွေးချယ်တင်မြှောက်ထားသည့် ခေါင်းဆောင် ၂ ဦး ရှိသည်။ စခန်းများအတွင်း ရွေးကောက်ပွဲများကို KRC နှင့် KnRC တို့က ချမှတ်ထားသည့် လမ်းညွှန်မှုများနှင့်အညီ ကျင်းပကြသည်။ ရွေးကောက်ခံရသူများတွင် အမျိုးသမီးခေါင်းဆောင် အနည်းဆုံး ၃၀% အောင်မြင်စွာ ပါဝင်နိုင်ရန် စီစဉ်နိုင်ကြသည်။

TBC အဖွဲ့က စခန်းများအားလုံး၏ အုပ်ချုပ်မှုစနစ် ဖွဲ့စည်းပုံနှင့် ယန္တယားလုပ်ငန်းစဉ်များ ခိုင်မာအားကောင်းစေရန် ဦးစားပေး ကူညီပံ့ပိုးခဲ့သည်။ ဥပမာအားဖြင့် အဓိကကျသည့် လူသားချင်းစာနာမှုဆိုင်ရာ စံနှုန်းများ နှင့် စဖီးယားစီမံချက် (Sphere Project) တို့ကဲ့သို့သော နိုင်ငံတကာ စံချိန်စံနှုန်းများနှင့် တပြေးညီဖြစ်စေရန် ရည်ရွယ်ခြင်း ဖြစ်သည်။ ခေါင်းစဉ်များစွာအပေါ် သင်တန်းများ ပို့ချခဲ့ပြီး ယင်းတို့တွင် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု၊ ဆက်သွယ်ရေး၊ ကျား-မတန်းတူမှု၊ လူမှုရေးအရ ပါဝင်နိုင်မှု၊ လိုက်နာရမည့် ကျင့်ထုံးများ၊ ကလေးများကို ကာကွယ်မှုပေးရေး၊ မဟာဗျူဟာမြောက် အစီအစဉ်ချမှတ်ခြင်း၊ လိင်မှုနှင့် ကျား-မခွဲခြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများ၊ ဝန်ထမ်း စီမံခန့်ခွဲမှု .. စသည်တို့ အပါအဝင် ဖြစ်သည်။

ထိုင်းနိုင်ငံရှိ အိုးအိမ်စွန့်ပစ်ထွက်ပေးရသူများအတွက် ဝန်ဆောင်မှုပေးသည့် ညှိနှိုင်းရေးကော်မီတီ (CCSDPT) သည် အဲန်ဂျီအိုအဖွဲ့ ၁၂ ခု ပါဝင်သည့် ကွန်ရက်ဖြစ်ပြီး စခန်းများအတွင်း ကဏ္ဍပေါင်းစုံ၌ အကူအညီပေးရေးနှင့် ဝန်ဆောင်မှုများကို ညှိနှိုင်းဆောင်ရွက်နေသည်။ ဤကွန်ရက်က အဲန်ဂျီအိုများနှင့် ထိုင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ရွှေ့ပြောင်းထွက်ပြေးရသူများဆိုင်ရာ လုပ်ငန်းစင်တာ (OCDP) အကြား အဓိက ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ပေး၍ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများ လုံလောက်စွာ ပံ့ပိုးပေးနိုင်ရန် သေချာဆောင်ရွက်ပေးနေသည်။ TBC အဖွဲ့သည် အခြားသော အေဂျင်စီများနှင့်အတူ၊ အခြေခံ စားနပ်ရိက္ခာ ထောက်ပံ့မှုကို (စမတ်ကဒ် Smart card များမှတဆင့်) ပင်မအခန်းကဏ္ဍက ဆောင်ရွက်နေသည်။ ထို့အပြင် အမိုးအကာ နှင့် အဓိက အာဟာရများ ပံ့ပိုးပေးမှုများနှင့် သက်မွေးဝမ်းကျောင်း အခွင့်အလမ်းများနှင့် အရည်အသွေး မြှင့်တင်ပေးရေး၊ စခန်းစီမံခန့်ခွဲမှုကိစ္စများကို ပံ့ပိုးကူညီနေသည်။ အခြားသော အဖွဲ့အစည်းများက ကျန်းမာရေးစောင့်ရှောက်မှု၊ ရေနှင့် သန့်ရှင်းရေး၊ ပညာရေး၊ ဥပဒေပိုင်း ကူညီပေးမှု၊ ကာကွယ်မှုပေးရေးနှင့် ရပ်ရွာဝန်ဆောင်မှု လုပ်ငန်းများ ကူညီပေးနေကြသည်။ TBC အဖွဲ့က စခန်းခေါင်းဆောင်မှုနှင့် ပူးပေါင်းဆောင်ရွက်၍ တာဝန်ယူတာဝန်ခံမှု နှင့် တုံ့ပြန်ချက် အကြံများရယူမှု လုပ်ငန်းစဉ်ကိုလည်း တည်ထောင်ထားရှိပြီး လူတဦးချင်း၏ အသံကို ကြားနိုင်အောင် ဆောင်ရွက်ပေးသည်။ ပြဿနာများကို တပြေးညီနှင့် ပွင့်လင်းမြင်သာသည့် နည်းလမ်းများဖြင့် ဖြေရှင်းပေးသည်။ အလားတူပင် တာဝန်ယူတာဝန်ခံမှု လုပ်ငန်းစဉ် များကို စခန်းများအတွင်း၌ အခြားသော ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ က ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးပေးနေကြသည်။

ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန (MoI) သည် စခန်း ၉ ခုလုံး၏ ပတ်ဝန်းကျင် လုံခြုံမှု ထိန်းသိမ်းရေး၊ စောင့်ရှောက်ရေးအတွက် တာဝန်ရှိသည်။ ယာယီခိုလှုံရေးစခန်းများသည် ထိုင်း-မြန်မာ နယ်စပ်နှင့် နီးကပ်သည့်အလျှောက် ထိုင်းတပ်မတော်၏ လုံခြုံရေး စောင့်ရှောက်မှုအောက်တွင် တည်ရှိသည်။ ထို့အပြင် အချို့သောစခန်းများသည် သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ထားသော ဇရိယာများအတွင်း ကျရောက်နေသောကြောင့် တော်ဝင် ထိုင်းအစိုးရ သစ်တောဌာန၏ အုပ်ချုပ်မှုအောက်တွင်လည်း ရှိသည်။ ပြည်ထဲရေးဝန်ကြီးဌာန (MoI) က စခန်းများနှင့် ပတ်သက်သည့်ကိစ္စများအားလုံးကို အမျိုးသား လုံခြုံရေးကောင်စီသို့ အစီရင်ခံရသည်။ စခန်းတခုချင်းတွင် ပလဒ် (Palad) ဟုခေါ်ကြသည့် ဒေသခံထိုင်းအစိုးရ အရာရှိက စခန်းမှူးအဖြစ် တာဝန်ယူပြီး၊ ယင်းစခန်းကို စီမံခန့်ခွဲမှုအတွက် တာဝန်ရှိသည်။ ပလဒ်အရာရှိ (Palad) က ဒေသခံ အာဏာပိုင်များက လုံခြုံရေးအစောင့်အဖြစ် ငှားရမ်းထားသည့်၊ အောဆော် (Aw Saw) ဟုခေါ်သော အကူလက်နက်ကိုင် စေတနာ့ဝန်ထမ်းများနှင့် ညှိနှိုင်းပူးပေါင်းကာ စီမံခန့်ခွဲသည်။ ၎င်းတို့အများသည် စခန်းတွင်းရှိ နေထိုင်သူဒုက္ခသည်များနှင့်  တိုင်းရင်းသား လူမျိုးချင်း တူညီကြသည်။

ထိုင်းအစိုးရက ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ကို ၁၉၉၈ ခုနှစ်တွင် တရားဝင် တည်ရှိလုပ်ဆောင်ခွင့် ခွင့်ပြုခဲ့ပြီးချိန်မှစ၍ ၎င်းအေဂျင်စီက ယင်း၏ပင်မလုပ်ငန်းတာဝန်ဖြစ်သော ဒုက္ခသည်များအပေါ် ကာကွယ်မှုပေးရေး ဝန်ဆောင်မှု များကို စခန်းလူထုများအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ မှတ်ချက်ပြုရန် တခုမှာ ထိုင်းအစိုးရက စခန်းတွင်း နေထိုင် သူများကို ဒုက္ခသည်များအဖြစ် တရားဝင် အသိအမှတ်ပြုမထားပါ။ ထိုသူများကို ‘နေရာပြောင်းရွှေ့ထွက်ပြေးလာကြရသူများ’ (displaced persons) အဖြစ်၊ ‘ယာယီခိုလှုံရေးစခန်းများ’အတွင်း နေထိုင်စေရန်သာ ခွင့်ပြုထားသည်။ ထိုင်းနိုင်ငံသည် ၁၉၅၁ ခုနှစ် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် သို့မဟုတ် ၁၉၆၇ ခုနှစ် ဒုက္ခသည်များ အဆင့်အတန်းနှင့် ပတ်သက်သည့် ကျင့်ထုံးများကို အသိအမှတ်ပြု လက်မှတ်ရေးထိုးထားခြင်း မရှိပါ။ သို့သော်လည်း ပြီးခဲ့သည့် ဆယ်စုနှစ် ၄ ခုတွင် ထိုင်းအစိုးရက ဒုက္ခသည်အရေးအတွက် များစွာအတွက် အကူအညီများနှင့် ပံ့ပိုးမှုများ ပေးခဲ့ပါသည်။ ယင်းတို့တွင် ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများမှ လူထု ခန့်မှန်းအရေအတွက် ၂ သန်း အပါအဝင် ဖြစ်သည်။

## အခန်း (၃) အစီအစဉ်များ

၂၀၂၃ တနှစ်လုံးတွင် TBC အဖွဲ့က မဟာဗျူဟာလမ်းညွှန်ချက်များ ပြည့်မြောက်စေရန် လုပ်ဆောင်ခဲ့သည်။ ယင်းတို့တွင် လူသားချင်း စာနာမှုဆိုင်ရာ လိုအပ်ချက်များ ပြည့်မီစေရေး၊ ကြံ့ကြံ့ခံနိုင်ရေးနှင့် ပြန်လည်နာလံထနိုင်ရေး၊ ကာကွယ်မှုပေးရေးနှင့် လုံခြုံသော အနာဂတ်များ၊ ဒေသန္တရ အုပ်ချုပ်မှုစနစ်ကို အားကောင်းစေခြင်းတို့ ဖြစ်သည်။ စိန်ခေါ်မှုပြဿနာများ အများအပြား ရှိနေသော်လည်း၊ TBC အဖွဲ့က ဒေသခံမိတ်ဖက် အဖွဲ့အစည်းများနှင့်အတူ ထိုင်းနိုင်ငံရှိ ဒုက္ခသည်များ၏ လူနေမှုဘဝကို တိုးတက်စေရန် သိသာထင်ရှားသည့် ဖြည့်ဆည်းဆောင်ရွက်မှုများ ပြုပေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် စစ်ပွဲ ပဋိပက္ခများ ထိခိုက်သက်ရောက်မှုခံရသည့် ရပ်ရွာလူထုများ၏ လိုအပ်ချက်များအပေါ်လည်း တုံ့ပြန် ကူညီပေးခဲ့သည်။

**မဟာဗျူဟာ လမ်းညွှန် (၁)။** လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို ဦးစားပေးခြင်း။

*အိုးအိမ်စွန့်ပစ် ထွက်ပြေးကြရသည့်၊ စစ်ပွဲ ပဋိပက္ခများ သက်ရောက်ခံစားရသည့် ရပ်ရွာလူထုများ၊ အထူးသဖြင့် အထူး ထိခိုက်နစ်နာနိုင်သူများ၏ လူသားချင်းစာနာမှု လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်။ အိုးအိမ်စွန့်ပစ် ထွက်ပြေးရသူများအတွက် စားနပ်ရိက္ခာ၊ အမိုးအကာနှင့် အစားအစာမဟုတ်သည့် ပစ္စည်းများကို တန်းတူညီမျှစွာ ထောက်ပံ့ပေးရန်။*

**အလေးပေးဖော်ပြချက်များ**

- တိုးများလာနေသော ဒုက္ခသည်လူဦးရေအတွက် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို စားနပ်ရိက္ခာ ဈေးနှုန်းများ တိုးမြင့်လာနေသည့် အချိန်တွင် ပြည့်မီအောင် စီမံခန့်ခွဲနိုင်ခြင်း။
- အရေးပေါ်တုံ့ပြန်မှု အစီအစဉ်ကို ဆက်လက်၍ ဆောင်ရွက်နေပြီး ပြောင်းလဲနေသော လူသားချင်းစာနာမှုဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်ဝန်းကျင်နှင့် လိုလျောညီထွေ ဖြစ်အောင် ပြုပြင်ပြောင်းလဲနေသည်။

TBC အဖွဲ့က တနှစ်ပတ်လုံး လူသားချင်းစာနာမှုဆိုင်ရာ ကူညီပေးမှု လုပ်ငန်းများကို ဆောင်ရွက်နေခဲ့ပါသည်။ ထိုင်းနိုင်ငံတွင် စခန်း ၉-ခုရှိ ဒုက္ခသည် ၈၈,၀၀၀ ဦးထံသို့ ဆက်လက်၍ စားနပ်ရိက္ခာကဒ်စနစ်မှ တဆင့်၊ စားနပ်ရိက္ခာ အကူအညီများ ပေးခဲ့သည်။ စားနပ်ရိက္ခာ လုံခြုံမှုအတွက် မီးသွေးနှင့် မီးထိုးဆီများ ဖြည့်ဆည်းပေးမှုအဖြစ်၊ ပစ္စည်းများအဖြစ် ဆက်လက် ထောက်ပံ့ပေးနေပြီး ဒုက္ခသည် ကော်မီတီများနှင့် ဂိုဒေါင် သိုလှောင်ရုံဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောင်ရွက်သည်။ ၃-လပိုင်းတိုင်းတွင် TBC အဖွဲ့က ၃-လတကြိမ် အာဟာရ ရရှိမှုဆိုင်ရာ အကဲဖြတ်မှုကို ဆောင်ရွက်ပြီး စားနပ်ရိက္ခာကဒ် တန်ဖိုးဖြင့် စခန်းများအတွင်းရှိ အထိခိုက် အနစ်နာနိုင်ဆုံး လူထုများအနေဖြင့် အာဟာရပြည့်ဝသည့် အစာများကို လစဉ်သေချာရရှိနိုင်ခြင်း ရှိ-မရှိ အကဲဖြတ် စစ်ဆေးနေခြင်း ဖြစ်သည်။

စခန်းများအတွင်း အမိုးအကာဆိုင်ရာ အလုပ်အဖွဲ့များနှင့် အဖွဲ့များက အမိုးအကာ ပစ္စည်းများကို အောင်မြင်စွာ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး၊ ဆောက်လုပ်ရေးအတွက် အဓိကကျသည့် ပစ္စည်းများကို စုဆောင်းထားနိုင်ခဲ့သည်။ လိုအပ်ပါက ဖြန့်ဖြူးပေးနိုင်ရန် ကြိုတင် စုဆောင်း ထားရှိခြင်း ဖြစ်သည်။ အမိုးအကာ အဖွဲ့များက အမိုးအကာပစ္စည်းများကို ဖြန့်ဖြူးပေးမှု ပြီးပြီဖြစ်၍ အဓိကကျသည့် အဆောက်အဦ ဆောက်လုပ်ရေးပစ္စည်းများကို ဆက်လက်၍ စုဆောင်းသိမ်းဆည်းနေကြသည်။ အမိုးအကာပစ္စည်းများ ဖြန့်ဖြူးပေးပြီးနောက် စောင့်ကြည့်လေ့လာခြင်း ဆောင်ရွက်ပြီးစီးခဲ့ပြီး၊ အိမ်များ၏ ၉၇% တွင် လူနေထိုင်ကြောင်း ပြသနေသည်။ ၈% သော အိမ်များမှာ အမိုးအကာ စံနှုန်းကျ လိုအပ်ချက်များ ရှိနေသည်။ ၂၀၂၂ ခုနှစ်တွက် ၁၀% ရှိရာ လျော့နည်းလာခြင်း ဖြစ်သည်။ ၈၃% သော အမိုးအကာများမှာ လုံခြုံဘေးကင်း၍ ကျန် ၁၇% မှာ ပြန်လည်ပြင်ဆင်ရန် ချိန်းဆိုထားပြီး၊ သို့မဟုတ် ဖျက်သိမ်းရန် ဖြစ်သည်။

နှစ်စဉ် လူဦးရေ စစ်ဆေးခြင်းလုပ်ငန်းစဉ်ကို ၂၀၂၃ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည်။ ဤသို့ စခန်းတွင်းရှိ ဒုက္ခသည်များကို သန်းခေါင်စာရင်း ကောက်ယူမှုကို TBC အဖွဲ့၏ ဝန်ထမ်းများနှင့် စခန်းကော်မီတီများ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။ ရလဒ်များကို လစဉ် အသစ်ဖြည့်ဆည်းမှုများဖြင့် ပေါင်းစပ်၍ လူဦးရေကို တွက်ချက်သည်။ နှစ်စဉ်လူဦးရေ ၉.၇၅% တိုးတက်လာကြောင်း ပြသနေသည်။

စခန်း၏ပြင်ပတွင်၊ TBC အဖွဲ့က အသစ်ရောက်ရှိလာသည့် ဒုက္ခသည်များအတွက် အရေးပေါ်တုံ့ပြန်မှု အစီအစဉ်အရ အကူအညီများ ဆက်လက်၍ ကူညီပေးနေသည်။ ဤလုပ်ငန်းများကို အစားအစာ၊ အမိုးအကာ နှင့် တကိုယ်ရေသန့်ရှင်းရေးပစ္စည်းများ အပါအဝင် ပစ္စည်းများကို ယာယီခိုလှုံရေးစခန်းများရှိ ဒုက္ခသည်များထံသို့ ဖြန့်ဖြူးထောက်ပံ့ပေးခြင်းဖြင့် ဆောင်ရွက်သည်။ ဒေသခံမိတ်ဖက်အဖွဲ့အစည်းများမှတဆင့် TBC အဖွဲ့က ယာယီခိုလှုံရေးစခန်းများ ပြင်ပရှိ ဒုက္ခသည်များထံသို့လည်း ပစ္စည်းများ ကူညီထောက်ပံ့ပေးနေသည်။ ထိုသူများသည် သစ်တောများအတွင်း ပုန်းအောင်းနေကြသူများနှင့် နယ်စပ်ရှိ ဒုက္ခသည်စခန်း ရပ်ရွာလူထုများအကြား ခိုလှုံနေထိုင်သူများ ဖြစ်ကြသည်။ သို့သော်လည်း မှတ်တမ်းမှတ်ရာ မရှိကြသောကြောင့် ထိုသူတို့၏အခြေအနေသည် မရေမရာ အန္တရာယ်ရှိလွန်းပြီး၊ ကာကွယ်မှုရယူနိုင်ခြင်းအတွက် စိုးရိမ်ပူပန်မှုများ ရှိနေရသည်။

မြန်မာနိုင်ငံတွင်၊ TBC အဖွဲ့၏ မိတ်ဖက်အဖွဲ့အစည်းများက ငွေသားဖြန့်ဖြူးထောက်ပံ့မှု နှင့် စားနပ်ရိက္ခာ ကူညီမှုများကို ပြည်တွင်း ဒုက္ခသည် ၁၆၅,၀၀၀ ဦးထံသို့ ထောက်ပံ့ပေး၍ ထိခိုက်နစ်နာနိုင်မှု အခြေအနေကို လျှော့ချပေးနိုင်ခဲ့သည်။ ၎င်းတို့မှာ မြို့နယ် ၁၇ ခုအတွင်း ပြန့်နှံ့ဖြစ်ပေါ်ခဲ့သည့် ရက်စက်ကြမ်းကြုတ်မှုများကြောင့် ထိခိုက်နစ်နာသူများ ဖြစ်သည်။ ဤလုပ်ငန်းများကို တိုင်းရင်းသား ကျန်းမာရေးဝန်ဆောင်မှုပေးနေသူ အဖွဲ့အစည်းများက ဖြည့်ဆည်းပံ့ပိုးပေးကြပြီး၊ ဝေးလံခေါင်သီသည့် ဒေသများရှိ လူနာပေါင်း ၁၂၀,၀၀၀ ဦးကို ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်ခဲ့သည်။ လူသားချင်းစာနာမှုဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းများကို ကဏ္ဍပေါင်းစုံ ချဉ်းကပ်မှုဖြင့် ဆောင်ရွက်၍ ယင်းတို့တွင် ထွက်ပြေးလာရသူ လူသစ်များအတွက် အငယ်စား ယာယီခိုလှုံရာ အမိုးအကာများနှင့် အစားအသောက်မဟုတ်သည့် ပစ္စည်းများ ဖြန့်ဖြူးပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ယင်းတို့တွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ဂုဏ်သိက္ခာအထုပ်ငယ် (dignity kits) ဖြန့်ဝေပေးခြင်းမျိုးလည်း ပါဝင်သည်။

**သင်ခန်းစာများ**

- ပစ္စည်းထောက်ပံ့သူများနှင့် လုပ်ဆောင်မှု မရှိမဖြစ် အရေးကြီးပြီး စားနပ်ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်း ရုတ်ချည်းမြင့်တက်မှုမှ ဒုက္ခသည်များအတွက်ကို ကာကွယ်ပေးနိုင်သည်။
- ဒေသခံမိတ်ဖက်များနှင့် သူတို့မှတဆင့် လုပ်ဆောင်မှုသည် မိမိတို့၏ အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုများအတွက် ဆက်လက်၍ အရေးကြီးနေဆဲ ဖြစ်သည်။

**မဟာဗျူဟာ လမ်းညွှန် (၂)။ ၂။** ကြံ့ကြံ့ခံနိုင်မှုနှင့် ပြန်လည် နာလံထူမှုကို အားဖြည့်ပေးခြင်း

*အိုးအိမ်စွန့်ပစ် ထွက်ပြေးရမှုကြောင့် ဖြစ်ရသော စားနပ်ရိက္ခာ လုံခြုံမှုနှင့် အာဟာရ ရရှိမှု၏ ရေရှည် ထိခိုက်သက်ရောက်မှုများကို လျှော့နည်းကျဆင်းစေရေး။ အာဟာရ ရရှိမှု၊ ပတ်ဝန်းကျင်ဆိုင်ရာ တကိုယ်ရေ သန့်ရှင်းမှု၊ ဥတုရာသီနှင့် လျော်ညီသည့် စိုက်ပျိုးရေး၊ စီးပွားရေး လုပ်ငန်းငယ်များကို မြှင့်တင်ပေးခြင်းနှင့် အိုးအိမ်စွန့်ပစ် ထွက်ပြေးရသူများနှင့် စစ်ပွဲ ပဋိပက္ခသက်ရောက် ခံစားရသူများကို အလုပ်အကိုင်များ ရရှိနိုင်စေရန်။*

**အလေးပေးဖော်ပြချက်များ**

- ရပ်ရွာချေးငွေ အစီအစဉ်မှနေ၍ အိမ်ထောင်စု ၆၁၀ ကို ထောက်ပံ့ပေးနိုင်သည်။ ဝင်ငွေ ရရှိရေးနှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်စေသည်။
- ရပ်ရွာ ဥယျာဉ်များ နှင့် စခန်းအခြေစိုက် စိုက်ပျိုးရေး ထောက်ပံ့ပေးမှုများကို တိုးတက်စေခြင်းအားဖြင့် ဒုက္ခသည်များ၏ အပိုဆောင်း အာဟာရရရှိမှုအတွက် ကူညီပေးနိုင်သည်။ ဒေသမှထုတ်လုပ်သည့် လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ ရရှိစေပြီး၊ ဈေးနှုန်း အတက်အကျ မတည်ငြိမ်မှုအကြား ကြံ့ကြံ့ခံနိုင်မှုကို မြင့်မားစေသည်။

၂၀၂၂ ခုနှစ်တွင် စခန်း ၉ ခုအတွင်း၌ တနှစ် နှစ်ကြိမ်ဆောင်ရွက်သည့် အာဟာရ ရရှိမှုဆိုင်ရာ စစ်တမ်းကောက်ယူမှု ရလဒ်များကို ၂၀၂၃ ခုနှစ်တွင် နောက်ဆုံး နိဂုံးချုပ်နိုင်ခဲ့သည်။ ၎င်းတို့၏ ဖော်ပြချက်အရ COVID-19 ကူးစက်ကပ်ဘေးကြောင့် စိန်ခေါ်မှုပြဿနာများ ကြုံတွေ့ခဲ့ရသော်လည်း၊ ဒုက္ခသည်များ၏ အာဟာရဆိုင်ရာ ကျန်းမာရေးမှာ တည်ငြိမ်နေပါသည်။ 'ကျန်းမာသော ကလေးငယ် တောက်ပသည့်အနာဂတ်များ' (Healthy Babies Bright Futures) အစီအစဉ်က ဆက်လက်၍ ဘေဘီဘရိုက် (BabyBRIGHT) အားဖြည့် ဖြည့်စွက်စာကို ကလေးငယ်များအတွက် ဆက်လက် ထောက်ပံ့ပေးနေပါသည်။ ယင်းကို MIYFC ပညာပေး အစီအစဉ်၊ လှုပ်ရှားမှုများနှင့် ဖြည့်ဆည်း ဆောင်ရွက်နေသည်။ လစဉ်တွင် အသက် ၆-လမှ ၂၄ လရှိ ကလေးငယ်များကို စောင့်ရှောက်ပေးနေသူများကို ပညာပေးအစီအစဉ်များတွင် တက်ရောက်စေခဲ့ပြီး အကောင်းဆုံး အာဟာရ ရရှိမှုဆိုင်ရာ ကျင့်သုံးမှုများကို အလေးပေး ဆွေးနွေးခဲ့သည်။

စားနပ်ရိက္ခာ လုံခြုံရေးနှင့် ဖြန့်ဖြူးပြီးနောက် စောင့်ကြည့်လေ့လာခြင်း (PDM) ကို ၃-လတကြိမ် ဆောင်ရွက်ခဲ့သည်။ ဒုက္ခသည် လူထုများအတွင်း စားနပ်ရိက္ခာလုံခြုံရေး အခြေအနေနှင့် ပတ်သက်၍ အတွင်းကျကျ သိမြင်မှုကို ပေးစွမ်းနိုင်ခဲ့သည်။ ယခု ၃-လ တကြိမ် စောင့်ကြည့်လေ့လာမှုပြီးနောက် နှစ်စဉ် အကဲဖြတ်လေ့လာမှုနှင့် သုံးသပ်မှုများကို ဆောင်ရွက်ခဲ့သည်။ အိမ်ထောင်စုများ ၏ ၉၃.၁% သည် ဖော်ပြချက်များအရ လက်ခံနိုင်ဖွယ် စုံလင်သည့် အစာများကို ရရှိကြောင်း တွေ့ရှိရသည်။

PDM စောင့်ကြည့်လေ့လာမှုများအရ စားနပ်ရိက္ခာကဒ်ကို မျှတသည့် အစာများ ရရှိနိုင်ရန် သုံးကြကြောင်း တွေ့ရှိရသည်။ ကဒ် များကို အဓိကအားဖြင့် ဆန်နှင့် ဆီဝယ်ယူရန် သုံးကြပြီး၊ ဈေးကြီးမြင့်သည့် မရှိမဖြစ် ကုန်ပစ္စည်းများ ဖြစ်ကြသည်။ သူတို့၏ ဖြည့်စွက်အစာများအတွက် လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များကို ရပ်ရွာဥယျာဉ်နှင့် အိမ်မှရှိ စိုက်ခင်းများမှ ရရှိနိုင်ကြသည်။ ၂၀၂၂ ခုနှစ်တွင် စခန်း ၉-ခုလုံး၌ အသစ်သော စိုက်ပျိုးရေးကရိယာများ ရရှိခဲ့ကြရာ ရေလောင်းကရားမှနေ၍ ပိုက်များ၊ ရေစည် များ၊ ဥယျာဉ် စိုက်ပျိုးတူးဆွ ကရိယာများနှင့် ဟင်းသီးဟင်းရွက် မျိုးစေ့များကို ဖြန့်ဖြူးပေးခဲ့သည်။ သို့ဖြစ်ရာ ရပ်ရွာပိုင်ဥယျာဉ် နှင့် အိမ်မှရှိ စိုက်ခင်းများ၏ ထုတ်လုပ်မှု တိုးတက်စေခဲ့သည်။

သက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ကော်မီတီများက စိုက်ပျိုးရေးထောက်ပံ့ပစ္စည်းများနှင့် မျိုးစေ့များကို စခန်း ၉-ခုတွင် ဖြန့်ဖြူးပေး ခဲ့သည်။ ငွေစုငွေချေး ကော်မီတီများက စခန်းများအတွင်း စီးပွားရေးလုပ်ငန်းငယ်များ စတင်နိုင်ရန် ချေးငွေ ထုတ်ချေးပေးခဲ့ သည်။ မရေမတွက်နိုင်သည့် အရည်အသွေး မြှင့်တင်ပေးရေး လှုပ်ရှားမှုများကြောင့် ဒုက္ခသည်များ၏ ဝင်ငွေတိုးတက်ရရှိစေရေး ကျွမ်းကျင်မှုများကို မြှင့်တင်ပေးနိုင်ပြီး၊ ဥပမာအားဖြင့် ဝါးဖြင့် ပရိဘောဂများ ပြုလုပ်ခြင်း၊ သို့မဟုတ် ဘိလပ်မြေ ဘလော့တုံးများ ပြုလုပ်ခြင်းတို့ ဖြစ်သည်။ ရပ်ရွာကဦးဆောင်သည့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု (CDNRM) အစီအစဉ်ကို ဆက်လက်ဆောင် ရွက်နေပြီး ဒေသ၏ ပတ်ဝန်းကျင်ကို ကာကွယ်ပေးထားသည်။ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းအပေါ် သိမြင်မှုကို တိုးတက်စေသည်။

မြန်မာနိုင်ငံတွင် အာဟာရ ရရှိမှုအပေါ် အလေးထားသည့် နှင့် ဥတုဖောက်ပြန် ပြောင်းလဲမှုအပေါ် သိရှိကျွမ်းဝင်သည့် စိုက်ပျိုးရေး လုပ်ငန်းများအပေါ် ကြားဝင်ဖြည့်ဆည်း ကူညီခြင်းများ နှင့် ရေရှည်တည်တံ့သည့် သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲမှုတို့တွင် တောင်ပေါ်ရှိ တောင်သူလယ်သမား ၃၅,၀၀၀ တို့က ဆက်စပ် ရယူနိုင်ကြသည်။ ပြီးခဲ့သည့်နှစ်တွင် တိရစ္ဆာန်အခြေပြု ပရိုတင်း (အသားဓာတ်) တိုးတက် ရရှိခဲ့ကြသည်ကို တွေ့မြင်ရပြီး၊ အိမ်မွေးတိရစ္ဆာန်များ မွေးမြူခြင်း၊ မွေးမြူရေးခြံငယ်များနှင့် ငါးမွေးမြူ ရေး လုပ်ငန်းများ၊ အာဟာရကြွယ်ဝသည့် သီးနှံများစိုက်ပျိုးထားသည့် ဥယျာဉ်များနှင့် ချိတ်ဆက်နေသည်။ ဤလုပ်ငန်းများကို အာဟာရ ရရှိမှုနှင့် သန့်ရှင်းသော သောက်သုံးရေ ရရှိမှု၊ သဘာဝပတ်ဝန်းကျင် ကျန်းမာညီညွတ်စေခြင်း လုပ်ငန်းများနှင့် ဖြည့်စွက် ဆောင်ရွက်ပေးကြပြီး၊ ဝေးလံခေါင်သီသည့် ကျေးရွာများရှိ လူထု ၆၀,၀၀၀ ကျော်သို့ လက်လှမ်းမီစေခဲ့သည်။ အလေးပေး ဖော်ပြ ရမည့်အချက်တခုမှာ ပစ်မှတ်ထားသည့် ကိုယ်ဝန်ဆောင်နှင့် ကလေးနို့တိုက်ကျွေးနေသူ မိခင်များအတွက် (မိခင်နှင့် ကလေး ငွေသားထောက်ပံ့မှု) စတင်မိတ်ဆက် ဆောင်ရွက်ခြင်း ဖြစ်ပြီး၊ ကလေး၏ ပထမရက် ၁,၀၀၀ တွင် အာဟာရပြည့်ဝစွာ ရရှိစေမည့် MIYCF အမူအကျင့်များကို လိုက်နာကျင့်သုံးစေရန် မက်လုံးဖြစ်သည်။ သို့သော်လည်း ရပ်ရွာလူထုများအတွင်း စားနပ်ရိက္ခာ လုံခြုံ မှု အလားအလာမှာ ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်ခံနေရမှုများကြောင့် ဆိုးရွားစွာ သက်ရောက်ခံနေရပါသည်။ အသက် ၅- နှစ်အောက် ကလေး ၁၁,၅၇၈ ဦးကို ကိုယ်ခန္ဓာ စမ်းသပ်တိုင်းထွာမှုပြုရာတွင် ကမ္ဘာလုံးဆိုင်ရာ ပြင်းထန်သည့် အာဟာရ ချို့တဲ့မှုအဖြစ် ၇.၆% ရှိနေကြောင်း ဖော်ပြနေပြီး ယိုယွင်းကျဆင်းလာနေပါသည်။

**သင်ခန်းစာများ**

- ကနဦးတွင် COVID-19 ကူးစက်ဘေး လိုအပ်ချက်ကြောင့် ဆောင်ရွက်ခဲ့ရသော်လည်း၊ သတင်း ပုံကားချပ်များနှင့် မိမိ ဘာသာ လေ့လာနိုင်သည့် သင်ထောက်ကူပစ္စည်းများ ဆက်လက် ဆောင်ရွက်ပေးနေသည်။ ယင်းသည် MIYFC နှင့် အာဟာရ ရရှိရေး အစီအစဉ်များ မြှင့်တင်ဆောင်ရွက်ရန်အတွက် သော့ချက်ကျသည့် အထောက်အကူများ ဖြစ်စေသည်။ ကိုယ်တိုင်ကိုယ်ကျ သင်တန်းတက်ရောက်ရန် မဖြစ်နိုင်သည့် ဒုက္ခသည်များ၏ ပညာရေးကို အထူးသဖြင့် လက်လှမ်းမီ စေသည်။
- အိမ်နှင့် ရပ်ရွာဥယျာဉ်များတွင် အလုပ်လုပ်နိုင်ရန် အခြေအနေသည် ဈေးနှုန်းမြင့်လာသည့် လူသုံးကုန်ပစ္စည်းများကြောင့် ပို၍ခက်ခဲစေသည်။

**မဟာဗျူဟာ လမ်းညွှန် (၃)။** ကာကွယ်မှုပေးရေး နှင့် ပိုမိုလုံခြုံသည့် အနာဂတ်များအတွက် မြှင့်တင်ပေးခြင်း။

*အိုးအိမ်စွန့်ပစ် ထွက်ပြေးရသူများနှင့် စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်သက်ရောက်ရသူများ အနေဖြင့် ဘေးအန္တရာယ်ကို လျှော့ချနိုင်စေရန် နှင့် လုံခြုံ၍ ဂုဏ်သိက္ခာရှိသော နည်းလမ်းများ ဖြစ်ပေါ်လာစေရေး အားဖြည့်ဆောင်ရွက်ပေးရန်။ မြန်မာနိုင်ငံနှင့် ယာယီခိုလှုံရေးစခန်းများတွင် လူသားလုံခြုံမှု ရရှိရေး အပါအဝင်တွင် လူ့အခွင့်အရေးများကို ကာကွယ်ပေးရန်။ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင် ရရှိနိုင်ရန်နှင့် တတိယနိုင်ငံများသို့ ပြောင်းရွှေ့အခြေချနိုင်ရန်။*

**အလေးပေးဖော်ပြချက်များ**

- စခန်းပြင်ပတွင် ရေရှည်တည်တံ့သည့် အဖြေများအတွက် အကျယ်အပြန့် ဆွေးနွေးမှုများကို ၂၀၂၃ ခုနှစ်အတွင်းအကျယ်အပြန့်သော အရေးပါသည့် အင်အားစုများနှင့် ဆောင်ရွက်ခဲ့သည်။
- တော်ဝင် ထိုင်းအစိုးရတွင် ဒုက္ခသည်များကို အလုပ်လုပ်ခွင့်ပေးခြင်းအပေါ် အကျိုးကျေးဇူးရရှိနိုင်မှုအပေါ် အလေးပေးသိမြင်မှု မြင့်မားလာပြီး ထိုင်းနိုင်ငံတွင် ဖြစ်လာနိုင်သည်။

စခန်းပြင်ပတွင် ဖြစ်နိုင်ခြေရှိသည့် နည်းလမ်းများ၊ လမ်းကြောင်းများကို ၂၀၂၃ ခုနှစ် တနှစ်လုံးတွင် ဆွေးနွေးခဲ့ကြသည်။ TBC အဖွဲ့က ရေရှည်တည်တံ့သည့် အဖြေများ ရှာတွေ့နိုင်ရေး စည်းရုံးတိုက်တွန်းမှုများ ဆက်လက်ဆောင်ရွက်နေခဲ့ရာ ၂၀၂၃ ခုနှစ် နှောင်းပိုင်းတွင်၊ TBC အဖွဲ့က ထိုင်းလွှတ်တော် နိုင်ငံခြားရေးရာကော်မီတီထံသို့ ဒုက္ခသည်များ စခန်းပြင်ပတွင် တရားဝင်အလုပ်လုပ်ခွင့်ပေးပါက အကျိုးကျေးဇူး ဖြစ်နိုင်ပုံကို တင်ပြဆွေးနွေးနိုင်ခဲ့သည်။ ထိုင်းနိုင်ငံ၏ စီးပွားရေးကို အကျိုးရှိစေမည်သာမက၊ နယ်စပ်ဒေသများတွင်လည်း စီးပွားရေး ဖွံ့ဖြိုးမှုကို လှုံ့ဆော်ပေးနိုင်မည် ဖြစ်သည်။ သို့သော်လည်း ဤသို့လှုပ်ရှားမှုများရှိနေသော်လည်း ထိုင်းအစိုးရ တရားဝင်မူဝါဒတွင် ဒုက္ခသည်များကို အလုပ်လုပ်ကိုင်ခွင့်ပြုရေးနှင့် ပတ်သက်၍ ထူးခြားတိုးတက်မှုများ ရှိမလာသေးပါ။

အသစ်ရောက်ရှိလာသူ ဒုက္ခသည်များအတွက် ထိုင်းနိုင်ငံ၏ မူဝါဒမှာ၊ မြန်မာနိုင်ငံမှ စစ်ပွဲ ပဋိပက္ခများကြောင့် ထွက်ပြေးလာကြရသူများအတွက် စိန်ခေါ်မှု ဆက်လက်ရှိနေဆဲ ဖြစ်သည်။ ထိုင်းအစိုးရ အသစ်ဖြစ်လာသော်လည်း ဤမူဝါဒမှာ ပြောင်းလဲမှု လုံးဝမရှိခဲ့ပါ။ အသစ်ရောက်ရှိလာသော ဒုက္ခသည်များသည် လက်ရှိမူဝါဒအရ တည်ရှိနေသည့် ဒုက္ခသည်စခန်းများသို့ ဝင်ရောက်ခွင့်ခွင့်မပြုပါ။ အသစ်ရောက်ရှိလာသူ ဒုက္ခသည်အချို့သည် သတ်မှတ်ထားသည့် ယာယီခိုလှုံရေးစခန်းများ (TSA) တွင် တရားဝင်နေထိုင်နိုင်ပြီး၊ ယင်းစခန်းများကို ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် နိုင်ငံတကာ အဲန်ဂျီအိုများက တိုက်ရိုက် ထိတွေ့ဆက်ဆံခွင့် မရှိကြပါ။ သို့ပါသော်လည်း အစားအစာနှင့် အစားအစာ မဟုတ်သည့် ပစ္စည်းများကို အခြေခံ လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများအဖြစ် အဓိကအားဖြင့် ခွင့်ပြုထားသည်။ ယေဘုယျအားဖြင့် ဒေသခံ ရပ်ရွာအုပ်စုများ၊ ခေါင်းဆောင်များမှတဆင့် ဖြန့်ဖြူးပေးနိုင်ကြသည်။ ဤသို့သော ယာယီစခန်းများ (TSAs) သည် ပုံမှန်အားဖြင့် ထိုင်းအစိုးရ (RTA) က မြန်မာနိုင်ငံရှိ အခြေအနေများ တိုးတက်လာပြီဟု ယူဆလျှင်၊ ပိတ်သိမ်းတတ်ကြပြီး နေထိုင်သူများကို မြန်မာနိုင်ငံဖက်သို့ ပြန်ရန် အတင်းအကျပ် တိုက်တွန်းကြသည်။ များသောအားဖြင့် တိုက်ပွဲများ လျှော့ကျသွားပြီး ၄၈ နာရီအတွင်း ဖြစ်သည်။ ထိုင်းနိုင်ငံကျေးလက်ဒေသရှိ ကရင်နှင့် ကရင်နီ ရပ်ရွာလူထုများအကြား ခိုလှုံနေထိုင်ကြသည့်၊ ကရင်နှင့် ကရင်နီလူမျိုး ဒုက္ခသည်အများစုလည်း ရှိနေသေးသည်။ ၎င်းတို့မှာ ထိုင်းတပ်မတော် (RTA) ၏ မြင်ကွင်းပြင်ပတွင် နေထိုင်နေကြသူများဖြစ်ပြီး၊ ဤသို့နေထိုင်သူအများစုမှာ မှတ်တမ်းမှတ်ရာများ မရှိကြပါ။ လူ့အခွင့်အရေး စောင့်ရှောက်ကာကွယ်ပေးနေသူများ (HRD) အများသည်လည်း နယ်စပ်တလျှောက် မြို့ပြဒေသများတွင် အဓိကအားဖြင့် ခိုလှုံနေထိုင်နေကြသည်။ အထူးသဖြင့် မဲဆောက်မြို့တွင် ဖြစ်သည်။ (HRD) များ ရပ်တည်မှုနည်းလမ်းများမှာ ထွေပြားစုံလင်သည်။ သိသာထင်ရှားသည့်အချက်မှာ ၎င်းတို့အများစုအတွက် ရိက္ခာနှင့် ပံ့ပိုးမှုများ လိုအပ်သည်။ သူတို့၏ လုံခြုံကာကွယ်မှုနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ရုန်းကန်နေကြရသောကြောင့် ဖြစ်သည်။

မကြာသေးမီက ထိုင်းအစိုးရ (RTG) ၏ မူဝါဒဖော်ပြချက်အရ အသစ်ရောက်ရှိလာသူ ဒုက္ခသည်မည်သူမျှ ထိုင်းနိုင်ငံတွင် ရေရှည်နေထိုင် ခိုလှုံခွင့်ပြုမည် မဟုတ်ပါ။ အများက မြန်မာနိုင်ငံသို့ ပြန်သွားကြသည်။ အချို့သော ပြန်သွားကြသူများတွင် ဖိအားများ ရှိနေသည်။ အချို့မှာ သူတို့ဘာသာ ဆုံးဖြတ်ချက်ဖြင့် အိမ်ပြန်ကြခြင်း ဖြစ်ပြီး၊ ထိုင်းနိုင်ငံတွင် နေထိုင်ခွင့်ပြုမည်မဟုတ်ကြောင်း သိရှိထားကြသည်။ တိုက်ပွဲများ လျှော့နည်းသွားသည့်အခါ သို့မဟုတ် သူတို့၏ ပိုင်ဆိုင်မှုများကို ကာကွယ်ထိန်းသိမ်းနိုင်ရန် နှင့် သက်

မွေးဝမ်းကျောင်းမှုကိစ္စများအတွက် ပြန်သွားကြခြင်း ဖြစ်သည်။

ဖက်ပေါင်းစုံမှ စည်းရုံးတိုက်တွန်းမှုများ ဆောင်ရွက်နေခဲ့သော်လည်း ဒုက္ခသည်များ တရားဝင် အလုပ်လုပ်ကိုင်နိုင်ရန် နည်းလမ်းများမှာ ခက်ခဲနေဆဲ ရှိသည်။ သို့တိုင်အောင် ဒုက္ခသည်များ စခန်းမှ ယာယီထွက်ခွာ၍ ဒေသတွင်း ခွင့်ပြုထားသည့်အလုပ်များကို တရားမဝင် လုပ်ကိုင်နိုင်ကြသည်။

မြန်မာနိုင်ငံတွင် အရပ်သားများနှင့် လူ့အခွင့်အရေး ပညာပေးမှုကို တိုးချဲ့ခဲ့ပြီး၊ ယခုအခါ တိုက်ပွဲဝင် တိုက်ခိုက်နေသူများကို သူတို့လိုက်နာရမည့် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေများအောက်ရှိ တာဝန်ဝတ္တရားများကို အသိအမြင် မြှင့်တင်ပေးနိုင်ပြီ ဖြစ်သည်။ တိုင်းရင်းသား အမျိုးသမီး အဖွဲ့အစည်းများက ယခုအခါ ခိုလှုံရာနေအိမ်များနှင့် လိင်မှုဆိုင်ရာနှင့် ကျား-မကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများ ခံရပြီး အသက်ရှင်ကျန်ရစ်သူများအတွက် လွှဲပြောင်းကုသစေခြင်း အစီအစဉ်များကို ယခင်ကထက်ပို၍ ထောက်ပံ့ပေးနိုင်သည်။ ရပ်ရွာအခြေပြု သတင်းမီဒီယာများက အကျယ်အပြန့်သော ခေါင်းစဉ်များကို ဖြန့်ဖြူးသတင်းပေးနိုင်ရန် ပံ့ပိုးပေးခဲ့ပြီး၊ ယင်းတို့တွင် ဖြစ်လာမည့် စစ်ရေးတိုက်ခိုက်မှုများအပေါ် စောစီးစွာ ကြိုတင်သတိပေးမှုများမှသည် သဘာဝကပ်ဘေး သတိပေးမှုများ အထိ ပါဝင်သည်။ စည်းရုံးတိုက်တွန်းမှု အပိုင်းတွင် TBC အဖွဲ့က ထိုင်းနိုင်ငံရှိ အစိုးရသစ်၊ လွှတ်တော်ကော်မီတီများနှင့် ထိတွေ့၍ လူသားလုံခြုံမှုဆိုင်ရာ ကြိုးပမ်းချက်များကို တိုက်တွန်းပြောကြားနိုင်ခဲ့သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ပျံ့နှံ့ကူးစက်လာမည့် ဒေသဆိုင်ရာ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို လျှော့နည်းကျဆင်းစေနိုင်မည် ဖြစ်သည်။

**သင်ခန်းစာများ**

- မြန်မာနိုင်ငံသို့ ဒုက္ခသည်များ အိမ်ပြန်ရေးသည် လာမည့်အနီးကပ် ကာလတွင် လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများကြောင့် ဆက်လက်၍ မဖြစ်နိုင် ခက်ခဲနေဆဲရှိပြီး၊ စခန်းပြင်ပတွင် အခြားရွေးချယ်စရာ ရေရှည်ရပ်တည်နိုင်မည့် အဖြေများအတွက် ဆက်လက်တိုက်တွန်း စည်းရုံးရန် လိုအပ်နေဆဲ ဖြစ်သည်။
- ဒုက္ခသည်များ ရေရှည်တည်တံ့သည့် အဖြေများအတွက် ဤသို့သော ဆွေးနွေးမှုများသည် စခန်းတွင်းရှိ ဒုက္ခသည်များ အတွက်သာ ကန့်သတ်မထားသင့်ပါ။ အသစ်ရောက်ရှိလာနေသူများအတွက်ပါ ထည့်သွင်းစဉ်းစားသင့်သည်။ သူတို့သည်လည်း အနီးကပ် အနာဂတ်တွင် အိမ်ပြန်ရန် ဖြစ်နိုင်ဦးမည် မဟုတ်ပါ။

**မဟာဗျူဟာ လမ်းညွှန် (၄)။** ဒေသန္တရ အုပ်ချုပ်မှုစနစ်ကို အားကောင်းသန်မာစေခြင်း

*မိမိဘာသာ ပိုင်ဆိုင်မှုအဖြစ် ခံယူမှုနှင့် လုပ်ငန်းအစီအစဉ်များနှင့် ဝန်ဆောင်ပေးမှုများအပေါ် ကြီးကြပ်စောင့်ကြည့်ရာတွင် ကိုယ်စားပြုမှု ပိုမိုချဲ့ထွင်ပေးရန် နှင့် တာဝန်ယူ တာဝန်ခံမှုကို မြှင့်တင်ပေးရန်။ ဒုက္ခသည်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်း မိတ်ဖက်အဖွဲ့အစည်းများ၊ ဒေသခံ အာဏာပိုင်များ၊ အလှူရှင်များနှင့် အခြားသော အရေးပါသည့် အင်အားစုများနှင့် အပြောင်းအလဲအတွက် ပူးပေါင်းဆောင်ရွက်မှုတွင် တာဝန်သိမှုနှင့် ပွင့်လင်းမြင်သာမှုရှိစွာ စီမံခန့်ခွဲရန်။*

**အလေးပေးဖော်ပြချက်များ**

- ရပ်ရွာက စခန်းစီမံခန့်ခွဲမှု ဆက်လက် ဆောင်ရွက်နေပြီး ဒုက္ခသည်စခန်းများ အုပ်ချုပ်စီမံမှုစနစ်ဆိုင်ရာ ကမ္ဘာ့အကောင်းဆုံး ကျင့်သုံးဆောင်ရွက်မှုများအဖြစ် စံပြဆောင်ရွက်နေသည်။
- စခန်းကော်မီတီများတွင် ဒုက္ခသည်လူထုများက တက်ကြွစွာ ပါဝင်ဆောင်ရွက်စေရန် လိုလားမှု နှင့် ကော်မီတီများတွင် အဖွဲ့ဝင်များအဖြစ် အခန်းကဏ္ဍ ပါဝင်မှု ခိုင်မာစွာ ဆက်လက်ရှိနေသည်။

ထိုင်း-မြန်မာနယ်စပ်တွင် ဒုက္ခသည်စခန်း ၉-ခု ရှိပြီး ၎င်းတို့ကို ရွေးချယ်တင်မြှောက်ခံရသည့် ဒုက္ခသည်စခန်း ကော်မီတီများက ဦးဆောင်နေကြသည်။ TBC အဖွဲ့၏ ရပ်ရွာ စီမံခန့်ခွဲမှုနှင့် အိမ်ပြန်မှု ပြင်ဆင်ရေး အစီအစဉ် (CMPP) မှတဆင့် ပံ့ပိုးပေးနေသည်။ ယင်းအစီအစဉ်မှာ ဒေသကသာ စီမံခန့်ခွဲခြင်းဖြစ်ပြီး၊ အမျိုးသမီးများနှင့် လူငယ်အုပ်စုများ၊ ပညာရေးကဏ္ဍ စာသင်ကြားပေးနေသူများ၊ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများ စသည်ဖြင့် ဒုက္ခသည်စခန်းမှ အင်အားစု အမျိုးမျိုး ပါဝင် ဦးဆောင်နေကြသည်။ စခန်းများအတွင်း လိုက်နာရမည့်ကျင့်ထုံးများ (Code of Conduct) ကို ဒုက္ခသည်စခန်းကော်မီတီများ ကိုယ်တိုင်က ရေးဆွဲထားပြီး စီမံခန့်ခွဲနေကြသည်။ ဒုက္ခသည်များကိုယ်တိုင် ဒီဇိုင်းရေးဆွဲထားသည့် ကျင့်ထုံးများသည် ကာကွယ်မှုပေးရေးနှင့် လုံခြုံရေးဆိုင်ရာ သက်ရောက်မှုများ ဖြစ်စေကြောင်း ပြသနေပါသည်။ အသစ်ဝင်လာသည့် ဝန်ထမ်းများသည် လိုက်နာရမည့်ကျင့်ထုံးဆိုင်ရာ ဖက်စုံသင်တန်းများ တက်ရောက်ကြရသည်။ ယင်းသင်တန်းများတွင် လိင်မှုဆိုင်ရာ ခေါင်းပုံဖြတ်မှု၊ ချိုးဖောက်မှုနှင့်

ချိုးနှိမ်စော်ကားမှုဆိုင်ရာ မူဝါဒ (PSEAH) နှင့် ကလေးများအပေါ် ကာကွယ်မှုပေးရေး မူဝါဒများ ပါဝင်သည်။ တချိန်တည်းတွင် တည်ဆဲဝန်ထမ်းများနှင့် ဒေသခံ မိတ်ဖက်အဖွဲ့အစည်းများသည်လည်း မွမ်းမံသင်တန်းများ ရရှိကြသည်။ ပုံမှန် အရည်အသွေးမြှင့် သင်တန်းများလည်း ပေးနေပြီး ယင်းတို့တွင် ရုံးစီမံ ခန့်ခွဲမှု၊ ကွန်ပြူတာ ကျွမ်းကျင်မှုများ၊ လိမ်လည်မှု လျှော့ချရေး စသည်တို့ ပါဝင်သည်။ အရည်အသွေးမြှင့် သင်တန်းများ မည်သည်တို့လိုအပ်ကြောင်း သိရှိနိုင်စေ ရန် လိုအပ်ချက် အကဲဖြတ်မှုများ ဆောင်ရွက်ကြသည်။ အသစ်ရောက်ရှိလာသူများနှင့် ပတ်သက်၍လည်းကောင်း၊ စားနပ်ရိက္ခာ ဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် ပတ်သက်၍လည်းကောင်း စိန်ခေါ်မှု ပြဿနာများ ရှိနေပြီး၊ စခန်းကော်မီတီများက တည်ဆဲ အုပ်ချုပ်မှုဆိုင်ရာ စနစ်များမှတဆင့် စိန်ခေါ်မှုပြဿနာ အများစုကို သူတို့ဘာသာ ဖြေရှင်းနိုင်စွမ်း ရှိကြပါသည်။

TBC အဖွဲ့က အလားတူ ဆယ်မီနာ ဆွေးနွေးပွဲတခုကို ဘန်ကောက်မြို့တွင် နိုဝင်ဘာလ၌ ကျင်းပခဲ့သည်။ ရက်စက်ကြမ်းကြုတ်မှုများကို တုံ့ပြန်ရာ၌ ဘက်မလိုက်ကြားနေမှုကို ကျော်လွန်၍ အကူအညီပေးရေး အေဂျင်စီများက မည်သို့ ထိတွေ့ကူညီပေးနိုင်မည်ဟူသည်နှင့် ပတ်သက်၍ ဖြစ်သည်။ လည်ပတ်ဆောင်ရွက်နေသည့်၊ တရားဝင်သည့် နိုင်ငံအဆင့် အုပ်ချုပ်သူအာဏာပိုင်များ ကင်းမဲ့နေသည့် အခြေအနေတွင်၊ စစ်မက်ဖက်ပြိုင်နေဆဲ ဧရိယာများ၌ ဒေသန္တရ အုပ်ချုပ်မှုစနစ်များကို အားကောင်းခိုင်မာလာစေရန် အထူးအရေးကြီးနေပြီး ဤအချက်ကို အလေးပေးခဲ့ကြသည်။ တက်ရောက်သူ ၈၀ ကျော် ရှိခဲ့ပြီး ၎င်းတို့တွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရှိ ဒုက္ခသည်စခန်းများမှ ကိုယ်စားလှယ်များနှင့် နိုင်ငံခြားသံရုံးများမှ သံတမာန်များ၊ အလှူရှင်များ၊ နိုင်ငံတကာ အဲန်ဂျီအိုများနှင့် TBC အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ လူသားချင်းစာနာ ကူညီပေးမှု ဆက်လက်ဆောင်ရွက်ရာတွင် ကြုံရမည့် စိန်ခေါ်မှုများ၊ ဖွံ့ဖြိုးရေး၊ အကူအညီပေးရေး နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံတွင် TBC အဖွဲ့က တိုင်းရင်းသား မြေယာအုပ်ချုပ်စီမံမှုကို နှင့် တိုင်းရင်းသားတို့၏ ကျန်းမာရေးစနစ်များကို ပံ့ပိုးကူညီပေးနေပြီး၊ လုပ်ငန်းကဏ္ဍပေါင်းစုံတွင် ပြည်သူ့အုပ်ချုပ်ရေးမှူးများအတွက် အရည်အသွေးမြှင့် တည်ဆောက်ပေးခြင်းများကို တိုး၍ ချဲ့ထွင်ဆောင်ရွက်နေပါသည်။ ယင်းတို့တွင် ပြည်သူများနှင့် တိုင်ပင်အကြံရယူခြင်း လုပ်ငန်းများကို ပံ့ပိုးပေးခြင်း၊ အဖွဲ့အစည်း ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် မူဝါဒ ရေးဆွဲခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတဝန်းတွင် ပံ့ပိုး ကူညီပေးနေခြင်းများ ပါဝင်သည်။ ရှေ့ကို မျှော်ကြည့်ရလျှင် မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ တပြေးညီဖြစ်သည့်၊ တာဝန်ယူ တာဝန်ခံမှုရှိသည့် လုပ်ငန်းများကို အားဖြည့်ပေးရေး စိန်ခေါ်မှုများ ရှိနေပါသည်။ အထူးသဖြင့် အသစ်သော ဒေသန္တရ အုပ်ချုပ်ရေးစနစ်များ ပေါ်ထွန်းလာနေသော ဧရိယာများတွင် ဖြစ်သည်။

**သင်ခန်းစာများ**

- ဒုက္ခသည်များ စခန်းအုပ်ချုပ်မှုစနစ်တွင် ပါဝင်ဆောင်ရွက်စေရန် မြင့်မားသော လိုလားစေ့ဆော်မှု ရှိစေခြင်းအပေါ် ဆက်လက်မြင့်မားနေစေရန် အရေးတကြီး လိုအပ်ချက် ရှိနေသည်။ အခြားသော လက်ငင်း ရွေးချယ်စရာ ရေရှည်တည်တံ့သည့် အဖြေများ ရှိမနေသောကာလ၊ စခန်းများအတွင်း ဆက်လက်နေထိုင်နေရစည်တွင်ပင် အရေးတကြီး လိုအပ်သည်။
- ပုံမှန်နှင့် ကွဲပြားခြားနားသော အရည်အသွေးမြှင့် သင်တန်းများ လိုအပ်သည်။ အသစ်ဝင်ရောက်လာသူများက လိုအပ်သည့် သင်တန်းများ ရရှိရန် သေချာဆောင်ရွက်ပေးရမည်။ သို့မှသာ စခန်းအုပ်ချုပ်စီမံမှုစနစ်တွင် အရေးပါသည့် အခန်းကဏ္ဍများက ဆောင်ရွက်နိုင်မည် ဖြစ်သည်။

## အခန်း (၄) အသစ်သော မဟာဗျူဟာ အစီအစဉ် ၂၀၂၃-၂၀၂၅

မဟာဗျူဟာအစီအစဉ်၏ အကျဉ်းချုပ် ခြုံငုံဖော်ပြချက်ကို အောက်တွင် ဖော်ပြထားပါသည်။ TBC အဖွဲ့၏ မဟာဗျူဟာ အစီအစဉ် အသစ် မှတ်တမ်းအပြည့်အစုံကို TBC အဖွဲ့၏ ဝက်ဘ်ဆိုဒ်တွင် ရယူနိုင်ပါသည်။

**မဟာဗျူဟာ လမ်းညွှန်များ (၂၀၂၃-၂၀၂၅)**

**၁။ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို ဦးစားပေးခြင်း။**

အိုးအိမ်စွန့်ပစ် ထွက်ပြေးရသူများနှင့် စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်သက်ရောက်ရသူများ၊ အထူးသဖြင့် အလွန်အမင်း ထိခိုက် နစ်နာနိုင်ခြေ ရှိသူများအပေါ် အလေးထား၍ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်ပေးရန်။ နေရာ ပြောင်းရွှေ့ထွက်ပြေးရသူများအတွက် စားနပ်ရိက္ခာ၊ အမိုးအကာနှင့် အစားအစာ မဟုတ်သည့်ပစ္စည်းများ တန်းတူ ရရှိခံစားနိုင်စေ ရန်။

၁။ ၁။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် စောင့်ကြည့်လေ့လာခြင်း အပါအဝင်၊ သက်သေ အထောက်အထားအခြေပြု တီထွင်ဖန်တီး မှုများဖြင့် အာဟာရပြည့်ဝသည့် အစာများ၊ မီးထိုးဆီ နှင့် အမိုးအကာများကို ထိုင်းနိုင်ငံတွင်းရှိ ဒုက္ခသည်များ လုံလောက်စွာ ညီတူ ညီမျှ ရရှိစေရေးကို တိုးတက်ဆောင်ရွက်ရန် ကူညီပေးရန်။

၁။ ၂။ စခန်းများအတွင်း ဈေးကွက်အခြေပြု ရိက္ခာကဒ်စနစ်ကို စောင့်ကြည့်လေ့လာ၍ စုံလင်ထွေပြားသည့်၊ အာဟာရပြည့်ဝသော၊ အရည်အသွေးမြင့် အစားအစာများ သေချာ ရရှိနိုင်ရေး စည်းမျဉ်းထိန်းသိမ်းသွားရန်၊ အလားတူပင် ရေရှည်တည်တံ့သည့် ရင်းမြစ် များမှ မီးသွေးကို သင့်တော်သည့်ဈေးနှုန်းဖြင့် ရရှိနိုင်ရေးအတွက် စခန်းနေလူထုများနှင့် ပံ့ပိုးသူများ မျှဝေစောင့်ကြည့် ဆောင်ရွက်သွားရန်။

၁။ ၃။ စခန်းများအတွင်း အိမ်ဆောက်ပစ္စည်းများကို ထိရောက်စွာ စီမံ၍ မလိုအပ်တော့သည့်အခါ အိမ်များကို ဖျက်သိမ်းခြင်း။

၁။ ၄။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများတွင် အိုးအိမ်စွန့်ပစ် ထွက်ပြေးရသည့်၊ စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်နစ်နာရ သည့်သူများ ထိုင်းနိုင်ငံတွင် စားနပ်ရိက္ခာ၊ အမိုးအကာနှင့် အစားအစာမဟုတ်သည့် ထောက်ပံ့ပစ္စည်းများ အရေးပေါ်အခြေအနေ တွင် လျှင်မြန်စွာ ရရှိနိုင်ရေး။

၁။ ၅။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် အိုးအိမ်စွန့်ပစ် ထွက်ပြေးရသည့်၊ စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်နစ်နာရသည့် သူများအတွက် အရေးပေါ်အခြေအနေကာလတွင် ကျန်းမာရေးစောင့် ရှောက်ပေးမှုနှင့် ပညာရေး ရရှိစေခြင်း။

၁။ ၆။ လူများက ဖန်တီးသည့် သို့မဟုတ် သဘာဝကပ်ဘေး အန္တရာယ်များအတွက် အရပ်ဘက်လူမှု အဖွဲ့အစည်းများ၏ ပြင်ဆင်မှု ရှိနေစေရေးကို အားဖြည့်ပေးခြင်းကို ပစ်မှတ်ထားသည့်၊ တီထွင်ဖန်တီးမှုရှိသော ကပ်ဘေးအန္တရာယ် လျှော့ချ ရေး (DRR) ဆောင် ရွက်ချက်များဖြင့် နယ်စပ်နှစ်ဖက်စလုံးတွင် ဆောင်ရွက်ပေးခြင်း။

**၂။ ကြံ့ကြံ့ခံနိုင်မှုနှင့် ပြန်လည် နာလံထူမှုကို အားဖြည့်ပေးခြင်း။**

အိုးအိမ်စွန့်ပစ် ထွက်ပြေးရမှုကြောင့် ဖြစ်ရသော စားနပ်ရိက္ခာ လုံခြုံမှုနှင့် အာဟာရ ရရှိမှု၏ ရေရှည် ထိခိုက်သက်ရောက်မှုများကို လျှော့နည်းကျဆင်းစေရေး။ အာဟာရ ရရှိမှု၊ ပတ်ဝန်းကျင်ဆိုင်ရာ တကိုယ်ရေ သန့်ရှင်းမှု၊ ဥတုရာသီနှင့် လျော်ညီသည့် စိုက်ပျိုး ရေး၊ စီးပွားရေး လုပ်ငန်းငယ်များကို မြှင့်တင်ပေးခြင်းနှင့် အိုးအိမ်စွန့်ပစ် ထွက်ပြေးရသူများနှင့် စစ်ပွဲ ပဋိပက္ခသက်ရောက် ခံစားရ သူများကို အလုပ်အကိုင်များ ရရှိနိုင်စေရန်။

၂။ ၁။ အိုးအိမ်စွန့်ပစ် ထွက်ပြေးရသည့်၊ စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်နစ်နာရသည့် ရပ်ရွာလူထုများအကြား ကျန်းမာသည့် မိခင်၊ မွေးကင်းစကလေး၊ ကလေးသူငယ်များ ကျွေးမွေးရေး အလေ့အထများ (MIYCF) ကို ချမှတ်ကျင့်သုံး ရေရှည်ထိန်းသိမ်း သွားရန်၊ အထူးသဖြင့် မွေးကင်းစဘ၀ ရက် ၁,၀၀၀ အတွက် အလေးပေးဆောင်ရွက်ရန်။

၂။ ၂။ အိုးအိမ်စွန့်ပစ် ထွက်ပြေးရသည့်၊ စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်နစ်နာရသည့် လူထုများ၏ အာဟာရ ရရှိမှုဆိုင်ရာ အခြေအနေကို စောင့်ကြည့်လေ့လာ၍ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ၏ ဖြည့်စွက်စာ ကျွေးမွေးမှုကို အလေးပေးဆောင်ရွက်သွားရန်၊ အသက်- ၅ နှစ်အောက် ကလေးများကို အလေးပေး ကျွေးမွေးရန်။

၂။ ၃။ ဥတုဖောက်ပြန် ပြောင်းလဲမှုအပေါ် သိမြင်လုပ်ဆောင်သည့်၊ အာဟာရ ရရှိရေး အလေးထားသည့် စိုက်ပျိုးရေးကျင့်ထုံးများကို တိုးတက်ချမှတ် ကျင့်သုံးရန်၊ ထုတ်လုပ်နိုင်စွမ်း၊ ၀င်ငွေနှင့် စားနပ်ရိက္ခာ လုံခြုံမှု မြင့်မားလာစေရန်။

၂။ ၄။ ရေရှည်တည်တံ့သည့် စွန့်ဦးတီထွင် စီးပွားရေး အလေ့အထများ ဖွံ့ဖြိုးလာစေရန် နှင့် စီးပွားရေးအရ ခွန်အားအာဏာ မြင့်မားလာစေရန်၊ အမျိုးသမီးများ၊ ဒေသဆိုင်ရာ ဈေးကွက်များ အားကောင်းခိုင်မာစေရေး၊ ထိုင်းနိုင်ငံအတွင်း တရားဝင်အလုပ်အကိုင် အခွင့်အလမ်းများအတွက် ထိတွေ့ဆောင်ရွက်မှုတို့ကို အလေးပေးဆောင်ရွက်ရန်။

၂။ ၅။ နယ်စပ်နှစ်ဖက်စလုံးတွင် စိုက်ပျိုးရေး ထုတ်လုပ်မှု တိုးမြင့်စေရေးနှင့် သဘာ၀ ရင်းမြစ်များ ရေရှည်တည်တံ့စေအောင် စီမံခန့်ခွဲမှုကို မြှင့်တင်ပေးခြင်း၊ တချိန်တည်းတွင် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် မြေယာပိုင်ဆိုင်မှုကို ခိုင်မာလုံခြုံစေခြင်း။

၂။ ၆။ အိမ်ထောင်စုများအနေဖြင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် သန့်ရှင်းသည့် သောက်သုံးရေ၊ သဘာ၀ ပတ်ဝန်းကျင်ဆိုင်ရာ သန့်ရှင်းမှုကို တိုးမြှင့်ရရှိစေရေး။

**၃။ ကာကွယ်မှုပေးရေး နှင့် ပိုမိုလုံခြုံသည့် အနာဂတ်များအတွက် မြှင့်တင်ပေးခြင်း**

အိုးအိမ်စွန့်ပစ် ထွက်ပြေးရသူများနှင့် စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်သက်ရောက်ရသူများ အနေဖြင့် ဘေးအန္တရာယ်ကို လျှော့ချနိုင်စေရန် နှင့် လုံခြုံ၍ ဂုဏ်သိက္ခာရှိသော နည်းလမ်းများ ဖြစ်ပေါ်လာစေရေး အားဖြည့်ဆောင်ရွက်ပေးရန်။ မြန်မာနိုင်ငံနှင့် ယာယီခိုလှုံရေးစခန်းများတွင် လူသားလုံခြုံမှု ရရှိရေး အပါအဝင်တွင် လူ့အခွင့်အရေးများကို ကာကွယ်ပေးရန်။ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင် ရရှိနိုင်ရန်နှင့် တတိယနိုင်ငံများသို့ ပြောင်းရွှေ့အခြေချနိုင်ရန်။

၃။ ၁။ ရပ်ရွာလူထု ခေါင်းဆောင်များနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများက ကာကွယ်ပေးမှုရှိသည့် ကျား-မကွဲပြားမှုကို အကဲဆတ် သိမြင်သည့် ပတ်ဝန်းကျင်ဖြစ်စေရေး တွန်းအားပေး ဆောင်ရွက်ခြင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် လူမှုရေးအရ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိခြင်း၊ တန်းတူညီမျှမှု နှင့် တာဝန်ယူတာဝန်ခံမှုရှိသော ခေါင်းဆောင်မှုတို့ကို ကျင့်သုံး၍ ဆောင်ရွက်သည်။

၃။ ၂။ အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုတို့ကို မှတ်တမ်းတင်ထားခြင်းအားဖြင့် ရပ်ရွာအခြေပြု ကာကွယ်ပေးမှုကို မြှင့်တင် ဆောင်ရွက်ရန်၊ လူ့အခွင့်အရေးများနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများ မြှင့်တင်ဆောင်ရွက်ရေး စည်းရုံးတိုက်တွန်းရန်။

၃။ ၃။ စိတ်ပိုင်း-လူမှု ပံ့ပိုးမှုများ၊ ရပ်ရွာက ပိုင်ဆိုင်သည့် ဆန်စပါးဘဏ်..စသည်တို့ ပါဝင်သည့် လူမှု ကာကွယ်မှုပေးရေး လုပ်ငန်းစဉ်များကို အားဖြည့်ပေးခြင်း၊ အထူးထိခိုက်နစ်နာဖွယ်ရှိသည့် လူအုပ်စုများအတွက် အပါအဝင် ဖြစ်သည်။

၃။ ၄။ လုံခြုံကာကွယ်ပေးရေး မူဝါဒများ၊ လုပ်ငန်းစဉ်များကို အားဖြည့်ပေး၍ လူအများလက်ခံ ကျင့်သုံးလာစေရေး ဆောင်ရွက်ရန်၊ ယင်းသည် နစ်နာဖွယ်ရှိသည့် လူအုပ်စုများအပေါ် လူ့အခွင့်အရေးချိုးဖောက်ခြင်း၊ ခေါင်းပုံဖြတ်ခြင်း နှင့် ဘေးအန္တရာယ်ကျရောက်စေခြင်းတို့ကို တုံ့ပြန်ကာကွယ်ပေးရန်အတွက်လည်း တပြေးညီ ဖြစ်စေရမည်။

၃။ ၅။ လိင်မှုဆိုင်ရာ နှင့် ကျား-မကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများကို ရပ်ရွာက ဦးဆောင်သည့် တုံ့ပြန်မှုများဆောင်ရွက်သွားရန်၊ ယင်းတို့တွင် လွှဲပြောင်းကုသရေး ဝန်ဆောင်မှုများ၊ နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်း၊ လုံခြုံရာဂေဟာများ အပါအဝင်

ဖြစ်၍ အားဖြည့်ပေးရမည်။

၃။ ၆။ နေရာပြောင်းရွှေ့ ထွက်ပြေးရသူ လူထုများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ စခန်းများ၏အပြင် ဒုက္ခသည်များ၏ ဘဝအတွက် အစီအစဉ်ရေးဆွဲခြင်းနှင့် ပြင်ဆင်မှုဆိုင်ရာ လုပ်ငန်းများကို ကောင်းစွာ ထိတွေ့ဆက်ဆံ၍ ပြင်ဆင်နိုင်ရန်။ ဒုက္ခသည်များကို သတင်းများသိရှိ၍ သူတို့အနာဂတ်များအတွက် ပိုမိုကောင်းမွန်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန်။

**၄။ ဒေသန္တရ အုပ်ချုပ်မှုစနစ်ကို အားကောင်းသန်မာစေခြင်း**

မိမိဘာသာ ပိုင်ဆိုင်မှုအဖြစ် ခံယူမှုနှင့် လုပ်ငန်းအစီအစဉ်များနှင့် ဝန်ဆောင်ပေးမှုများအပေါ် ကြီးကြပ်စောင့်ကြည့်ရာတွင် ကိုယ်စားပြုမှု ပိုမိုချဲ့ထွင်ပေးရန် နှင့် တာဝန်ယူ တာဝန်ခံမှုကို မြှင့်တင်ပေးရန်။ ဒုက္ခသည်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်း မိတ်ဖက်အဖွဲ့အစည်းများ၊ ဒေသခံ အာဏာပိုင်များ၊ အလှူရှင်များနှင့် အခြားသော အရေးပါသည့် အင်အားစုများနှင့် အပြောင်းအလဲအတွက် ပူးပေါင်းဆောင်ရွက်မှုတွင် တာဝန်သိမှုနှင့် ပွင့်လင်းမြင်သာမှုရှိစွာ စီမံခန့်ခွဲရန်။

၄။ ၁။ TBC အဖွဲ့၏ ဖွဲ့စည်းပုံနှင့် အစီအစဉ်များသည် ဒေသခံမိတ်ဖက် အဖွဲ့အစည်းများက ပိုမိုတိုး၍ စီမံအုပ်ချုပ်လာနေပြီး၊ အပြောင်းအလဲများကို အခြေအနေအရ၊ အိုးအိမ်စွန့်ပစ် ထွက်ပြေးရသည့်၊ စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်နစ်နာရသည့် ရပ်ရွာလူထုများ၏ လိုအပ်ချက်များအရ နှင့် စိုးရိမ်ပူပန်မှုများအရ တာဝန်သိစွာ ချိန်ညှိဆောင်ရွက်နေသည်။

၄။ ၂။ ဘဏ္ဍာရေး၊ အုပ်ချုပ်ရေးနှင့် လူသားရင်းမြစ် စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်အားကောင်းစေ၍၊ TBC အဖွဲ့နှင့် ဒေသခံ မိတ်ဖက် အဖွဲ့အစည်းများအကြား တာဝန်ယူတာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု နှင့် ရေရှည်တည်တံ့သည့် အင်စတိကျူရှင်း (အဖွဲ့အစည်းစနစ်များ) အဖြစ် မြှင့်တင်ဆောင်ရွက်သွားရန်။

၄။ ၃။ နည်းပညာ စွမ်းဆောင်ရည်များကို မြှင့်တင်ပေး၍၊ စောင့်ကြည့်လေ့လာမှု၊ ပြန်လည်သုံးသပ်မှုများဖြင့် TBC အဖွဲ့နှင့် ဒေသခံမိတ်ဖက်အဖွဲ့အစည်းများ နှစ်ခုလုံးက တုံ့ပြန်မှုအားကောင်းသည့်၊ ထိရောက်ထက်မြက်သည့် ဝန်ဆောင်မှုများ အရည်အသွေး မြင့်မားလာစေရေး သေချာဆောင်ရွက်ပေးရန်။

၄။ ၄။ အကျိုးခံစားခွင့်ရှိသူများ တုံ့ပြန်တိုင်ကြားမှု လုပ်ငန်းစဉ်များတွင် အကျယ်အပြန့်သော ရပ်ရွာလူထုများ ပါဝင်ဆောင်ရွက်မှုရှိလာစေရန် အားပေး၍၊ ယင်းလုပ်ငန်းစဉ်များတွင် အများလွှမ်းမိုးထားသည့်အုပ်စု မဟုတ်သော လူနည်းစုများ ပါဝင်လာစေရန်။ TBC အဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ရပ်ရွာလူထုအပေါ် တာဝန်ယူတာဝန်ခံမှုများကို သေချာကူညီ ပံ့ပိုးပေးနိုင်စေရန်။

၄။ ၅။ TBC အဖွဲ့က အလှူရှင်များနှင့် ညှိနှိုင်းဆွေးနွေး၍ ဒေသခံမိတ်ဖက်အဖွဲ့အစည်းများ၏ ရပ်ပိုင်းဆိုင်ရာ အန္တရာယ်ရှိမှု လျှော့နည်းကျဆင်းစေရန် ဦးစားပေး ဆောင်ရွက်ခြင်း၊ မလိုလားအပ်သည့် ယုံကြည်ကိုးစားမှုဆိုင်ရာ လုပ်ဆောင်ရမှု စွန့်စားရမှုများ လျှော့နည်းသက်သာစေသည်။

၄။ ၆။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ကိုယ်စားပြုမှုရှိ၍ တာဝန်ယူတာဝန်ခံမှုရှိသော အုပ်ချုပ်မှု အဖွဲ့အစည်းများ ဖြစ်ပေါ်စေရေးအတွက် ဒီမိုကရေစီ အခြေခံမှုများ၊ ပြည်သူ့အုပ်ချုပ်ရေး စွမ်းရည်များ နှင့် ဖက်ဒရယ်စနစ်ကို အောက်ခြေမှ စတင်၍ တည်ဆောက်ခြင်း။

## အခန်း (၅) ဘဏ္ဍာရေး

**ဘဏ္ဍာရေး**

**အထွေထွေ**

TBC အဖွဲ့သည် ယူနိုက်တက်ကင်းဒမ်းနိုင်ငံတွင် မှတ်ပုံတင်ထားပြီး၊ UK နိုင်ငံ၏ ပရဟိတ အလှူရှင်အဖွဲ့အစည်းများ (Charities) ကျင့်သုံးရမည့် အကြံပြုချက် ဖော်ပြချက်များအတိုင်း လိုက်နာပါသည်။ TBC အဖွဲ့သည် ၂၀၁၅ ခုနှစ်မှစတင်၍ ဥပဒေပြဋ္ဌာန်းထားသည့် FRS 102 SORP ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံမှုကို ချမှတ်ကျင့်သုံးပါသည်။ ရရှိမှု (ဝင်ငွေ) နှင့် ပေးချေမှု (အသုံးစားရိတ်) နှစ်ခုလုံးကို မတိုင်မီ ကြိုတင်တွက်ချက်မှု (accrual basis) ဖြင့် အစီရင်ခံမှု ပြုပြီး၊ ၎င်းစနစ်တွင် ကန့်သတ်ထားသည့် ရန်ပုံငွေနှင့် အထွေထွေ ရန်ပုံငွေများကို ရှင်းလင်းစွာ ခွဲခြားဖော်ပြထားသည်။ အုပ်ထိန်းရေးဘုတ်အဖွဲ့၏ အစီရင်ခံစာ (Trustees report) နှင့် စာရင်းစစ်ဆေးထားသည့် ၂၀၂၃ ခုနှစ်အတွက် ငွေကြေးဆိုင်ရာ ဖော်ပြချက်ကို၊ KPMG UK LLP ကုမ္ပဏီက သီးခြားထပ်မံ စာရင်းစစ်ဆေးခဲ့ပြီး၊ UK နိုင်ငံ၏ Charity Commission နှင့် Companies House တို့တွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ TBC အဖွဲ့၏ ငွေစာရင်းမှတ်တမ်းများကို ထိုင်းဘတ်ငွေ (THB) ဖြင့် ထိန်းသိမ်းထားရှိပါသည်။ စာရင်းစစ်ဆေးထားသော ငွေကြေးဖော်ပြချက်များကို တင်ပြ၍ ထိုင်းဘတ်ငွေဖြင့် တွက်ချက် ထိန်းသိမ်းထားရှိပါသည်။ TBC အဖွဲ့က QuickBooks Enterprise ၏ ငွေစာရင်းဆိုင်ရာ နည်းပညာ ဆော့ဖ်ဝဲယားကို အသုံးပြုပါသည်။

ယခုအခန်းတွင် TBC အဖွဲ့၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု ဘတ်ဂျက်ဆိုင်ရာ စွမ်းဆောင်မှုများကို တင်ပြထားပါသည်။ ကိန်းဂဏန်းများနှင့် သုံးသပ်မှုများကို အခြားနည်းဖြင့် ဖော်ပြရမည်ဟု ပြဋ္ဌာန်းချက်များ ရှိမနေသောကြောင့် ထိုင်း ဘတ်ငွေ (THB) ဖြင့် တွက်ချက်ဖော်ပြထားပါသည်။

## TBC ဘဏ္ဍာရေး ဆန်းစစ်ချက်- ဇန်နဝါရီ- ဒီဇင်ဘာလ ၂၀၂၃ ခုနှစ်

*ဇယား ၅။ ၁။*

| ဘဏ္ဍာရေး အကျဉ်းချုပ် ၂၀၂၃ ခုနှစ် | | | |
|---|---|---|---|
| ထိုင်းဘတ် (သန်းဖြင့်) ပစ္စည်း အမျိုးအမည် | မူရင်းဘတ်ဂျက် | အမှန်စာရင်း | ကွဲလွဲမှု |
| ဝင်ငွေ | ၇၉၉ | ၉၅၃ | ၁၅၄ |
| ကုန်ကျစားရိတ်များ | (၉၀၀) | (၉၃၁) | ၃၁ |
| ရန်ပုံငွေတွင် စုစုပေါင်း ရွှေ့ပြောင်းမှု | (၁၀၁) | ၂၂ | ၁၂၂ |
| စာရင်းဖွင့် ရန်ပုံငွေစာရင်း | ၅၅၀ | ၅၃၁ | (-၁၉) |
| စာရင်းပိတ် ရန်ပုံငွေစာရင်း | ၄၅၀ | ၅၅၃ | ၁၀၃ |
| | | | |
| ထိန်းချုပ်ကန့်သတ်ထားသည့် ရန်ပုံငွေ | ၃၆၈ | ၄၄၇ | ၈၀ |
| ခေါင်းစဉ် သတ်မှတ်ထားသည့် ရန်ပုံငွေ | ၆၂ | ၅၉ | (၃) |
| အထွေထွေ ရန်ပုံငွေ | ၂၀ | ၄၇ | ၂၇ |
| စုစုပေါင်း ရန်ပုံငွေ လက်ကျန် | ၄၅၀ | ၅၅၃ | ၁၀၃ |
| ငွေစာရင်းရှင်းတမ်း | | | |
| စုစုပေါင်း မရွှေ့ပြောင်းနိုင်သည့် ပိုင်ဆိုင်မှု | ၁ | ၁ | ၀ |
| အလှူရှင်များထံမှ ရရှိရန်ငွေ | ၃၄၉ | ၄၁၀ | ၆၁ |
| ပစ္စည်းထောက်ပံ့သူများထံ ပေးရန်ကျန် | (၅၀) | (၂၁) | (၂၉) |
| ကြိုတင်ထုတ်ပေးထားငွေများ | ၂၅ | ၃၁ | ၆ |
| ဘဏ်လက်ကျန်စာရင်း | ၁၂၅ | ၁၃၂ | ၇ |
| စုစုပေါင်း ပိုင်ဆိုင်မှု | ၄၅၀ | ၅၅၃ | ၁၀၃ |
| ငွေသား လှည့်ပတ်နိုင်မှု (Liquidity) | ၇၅ | ၁၁၁ | ၃၆ |

## ၂၀၂၃ ခုနှစ်အကုန် ဘဏ္ဍာရေးအခြေအနေ အကျဉ်းချုပ် နှင့် အလေးပေးဖော်ပြချက်များ

တစ်လုံး စုစုပေါင်း ကုန်ကျစားရိတ်များမှာ ထိုင်းဘတ် ၉၃၁ သန်းရှိပြီး၊ အမှန်တကယ် ဝင်ငွေမှာ ထိုင်း ဘတ် ၉၅၃ သန်း ရှိပါသည်။ စုစုပေါင်း ထိုင်းဘတ် ၂၂ သန်း တိုးများလာခြင်းကြောင့် ကုန်ဆုံးချိန်တွင် ရန်ပုံငွေလက်ကျန်ငွေ စာရင်းမှာ ထိုင်းဘတ် ၅၅၃ သန်း ရှိပါသည်။ ရန်ပုံငွေ လက်ကျန်စာရင်းကို အလှူရှင်များက ကန့်သတ်ထားသည့် ရန်ပုံငွေများ (Donor restricted funds) အဖြစ် ထိုင်းဘတ် ၄၄၇ သန်းနှင့် ထိုင်းဘတ် ၅၉ သန်းကို သတ်မှတ်ထားသည့် ရန်ပုံငွေ (Designated fund) အဖြစ် ထားရှိသည်။ ထိုင်း ဘတ် ၄၇ သန်းကို အထွေထွေအဖြစ် ထားရှိပြီး လွတ်လပ်စွာသုံးစွဲနိုင်သည့် အရန်ကျန်ငွေ နှင့် မရွှေ့ပြောင်းနိုင်သည့် ပိုင်ဆိုင်မှုများ ဖြစ်ပါသည်။

TBC အဖွဲ့၏ လုပ်ငန်းဆောင်တာများကို COVID-19 ကူးစက်ကပ်ဘေး၏ အကျိုးဆက်များနှင့် ဆက်၍ဖြစ်ပေါ်လာသော ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံရှိ အကျပ်အတည်းများကြောင့် နောက်ဆုံး ပိတ်သိမ်းရမှုများ ဖြစ်စေခဲ့သည်။ မြန်မာနိုင်ငံသို့ အိမ်ပြန်နိုင်ရေးဆိုသည်မှာ မျှော်မှန်းရနိုင်သမျှသော အနာဂတ်ကာလ တခုအထိ ဖြစ်နိုင်ခြေရှိသည့် နည်းလမ်းတခု မဟုတ်တော့ပါ။ ထို့အပြင် ၂၀၂၀ ခုနှစ်တွင် COVID ကူးစက်ကပ်ဘေး စတင်ဖြစ်ပွားလာခြင်းကြောင့် စခန်းဒုက္ခသည်လူဦးရေမှာ ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် ၈၆,၅၀၀ ဦးသို့ တိုးတက်လာသည်။ လွတ်လပ်စွာ သုံးစွဲနိုင်သည့် အထွေထွေ အရန်ငွေကို TBC အဖွဲ့၏ လုပ်ငန်းနှင့် မျှော်မှန်းချက် လက်ရှိအခြေအနေနှင့် နှစ်စဉ် ပြန်လည်သုံးသပ်ခဲ့ပါသည်။ ထို့နောက် TBC အဖွဲ့က ငွေကြေးဆိုင်ရာ စွန့်စားရမှုကို ကျော်လွှား လျှော့ချနိုင်ရေးအတွက် ထိုင်းဘတ် ၂၅ သန်းကို အရန်ငွေထိန်းသိမ်းထားရန် ကြိုးပမ်းခဲ့ပါသည်။

TBC အဖွဲ့အနေဖြင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စိန်ခေါ်မှုများကို ယခင်နှစ်ကဲ့သို့ပင် ဆက်လက်၍ ကြုံတွေ့ရပါသည်။ TBC အဖွဲ့က မိတ်ဖက်အဖွဲ့အစည်းများ အရေးပေါ်အခြေအနေများ တုံ့ပြန်ရာတွင် အရည်အသွေးမြှင့်တင်ရေးအတွက် အားဖြည့်ပေးရေး ပံ့ပိုးခဲ့ပြီး၊ တချိန်တည်းတွင် ပေါ်ပေါက်လာသည့် ကဏ္ဍပေါင်းစုံလိုအပ်ချက်များ ပေါ်ပေါက်လာသည်ကိုလည်း ဖြေရှင်းခဲ့ရသည်။ မိတ်ဖက်အဖွဲ့ အစည်းများကို ခွဲဝေပေးသည့် ဂရန့်ငယ်များသည် ၂၀၂၂ ခုနှစ်တွင် ၉၅ ခု ရှိရာမှ ၂၀၂၃ ခုနှစ်တွင် ၈၄ ခုအဖြစ် လျော့နည်းခဲ့သည်။ သို့သော်လည်း ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၈ ခုသာရှိသောကြောင့် သိသာထင်ရှားမှုတခု ဖြစ်သည်။ အချို့သော မိတ်ဖက်အဖွဲ့များသည် စီမံချက်မျိုးစုံအတွက် ကြိုတင်ထုတ်ပေးငွေ မျိုးစုံ ရှိခဲ့ကြသည်။ ပျမ်းမျှအားဖြင့် တနှစ်လုံးတွင် ကြိုတင်ထုတ်ပေးငွေ ထိုင်းဘတ် ၅၅ သန်းခန့်ရှိသည်။ သို့ဖြစ်ရာ လူ့ပ်ရှားမှုများ တည်ငြိမ်စွာ ဖြစ်ပေါ်နေသည်ကို ဖော်ပြနေသည်။ နယ်စပ်တလျှောက်နှင့် မြန်မာနိုင်ငံတွင် ငွေကြေးစနစ် တရားဝင်မရှိကြခြင်းကြောင့် ထောက်ပံ့ပစ္စည်းများနှင့် ဝန်ဆောင်ပေးမှုများအတွက် တိုက်ရိုက် ငွေသားပေးမှု ပို၍လိုအပ်သည်။ TBC အဖွဲ့က ဤသို့ဆောင်ရွက်ရသည်နှင့် အားလျော်စွာ စွန့်စားရမှု အန္တရာယ်ကို သိရှိသော်လည်း ပုံမှန်အစီရင်ခံခြင်း၊ ပစ္စည်းထောက်ပံ့ပေးမှု မှတ်တမ်းများကို တင်းကျပ်စွာ အဖွဲ့အတွင်းပြန်လည် သုံးသပ်ခြင်းဖြင့် တာဝန်သိစွာ ဤ ပြဿနာကို လျှော့ချနိုင်ခဲ့သည်။

TBC အဖွဲ့၏ ဘဏ်လုပ်ငန်းဆောင်တာများကို ထိုင်းနိုင်ငံရှိ ဆီယမ် ကော်မာရှယ်ဘဏ် (Siam Commercial Bank) နှင့်သာ သီးသန့် ဆက်လက်၍ လုပ်ဆောင်စီမံသည်။ ထိရောက်သော စနစ်တခုဖြစ်ကြောင်း ပြသနေသည်။ ရှိနေသောငွေစာရင်းများတွင် ငွေကြေးအမျိုးမျိုးဖြင့် [ဥပမာအားဖြင့်- ထိုင်းဘတ် (THB)၊ ဗြိတိန်ပေါင် (GBP)၊ နှင့် အမေရိကန်ဒေါ်လာ (USD) တို့ဖြင့် ပြသနေရာ] TBC အဖွဲ့ အနေဖြင့် ငွေကြေးလဲလှယ်ရေးအတွက် အချိန်ကို စီမံထိန်းချုပ်နိုင်ခွင့် ရှိသည်။ လိုအပ်သည့်အခါ အကောင်းဆုံးသော ငွေကြေး လဲလှယ်မှုနှုန်းကို ရည်ရွယ်၍ ဆောင်ရွက်နိုင်သည်။ သို့ပါသော်လည်း TBC အဖွဲ့က ယူကေနိုင်ငံတွင် ဘဏ်လုပ်ငန်းစနစ် ချိတ်ဆက်ထားရန် အရေးကြီးကြောင်း အသိအမှတ်ပြုထားပါသည်။ သို့အတွက်ကြောင့် အခြားသော ဘဏ်လုပ်ငန်း ရွေးချယ်စရာ ကိစ္စများ ကို ရှာဖွေရန် စိတ်ပိုင်းဖြတ်ထားသည်။

၂၀၂၃ ခုနှစ် မေလတွင်၊ အထူးခေါ်ဆိုသော အထွေထွေ အစည်းအဝေး (EGM) နှင့် ၃-လတကြိမ် ယုံကြည်အပ်နှင့်ခံရသူ ဘုတ်အဖွဲ့ (Trustees) အစည်းအဝေးများကို ထိုင်းနိုင်ငံ၊ ဂွန်တီယမ်တွင် ကျင်းပခဲ့သည်။ ၂၀၁၉ ခုနှစ်မှစတင်၍ ပထမဦးဆုံးအကြိမ် လူကိုယ်တိုင်တွေ့ဆုံ၍ EGM အစည်းအဝေး ပြုလုပ်နိုင်ခြင်း ဖြစ်သည်။ ဤအစည်းအဝေးနှင့် တပြိုင်တည်းတွင် TBC အဖွဲ့၏ နှစ်စဉ်ဝန်ထမ်းအစည်း အဝေးကိုလည်း ကျင်းပနိုင်သည်၊ မရေးမနှောင်းတွင် အရေးပါသည့်အင်အားစုများနှင့် အစည်းအဝေးကို တပြိုင်တည်း ကျင်းပနိုင် သည်မှာ မှတ်ချက်ပြုစရာ ဖြစ်သည်။ နှစ်စဉ် အထွေထွေ အစည်းအဝေး (AGM) ကို ဘန်ကောက်မြို့တွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့တွင် အောင်မြင်စွာ ကျင်းပခဲ့သည်။ ယင်းနှင့်တပြိုင်တည်းတွင် TBC အဖွဲ့က အဖွဲ့ဝင်များကို ထမ်ဟင်းဒုက္ခသည်စခန်း သို့ သွားရောက်ကြည့်ရှုသည့် တရက်တာ ခရီးစဉ်ကို စီစဉ်ခဲ့သည်။ ထို့အပြင် TBC အဖွဲ့က နှစ်စဉ် အလှူရှင်များအစည်းအဝေးကို ၎င်းအပတ်တွင်ပင် အိမ်ရှင်ပြုကျင်းပခဲ့သည်။ အနာဂတ် ရန်ပုံငွေ လိုအပ်ချက်များနှင့် အခွင့်အလမ်းများအပေါ် ဆွေးနွေးနေမှုများ ကို ရှေ့ဆောင်နိုင်ခဲ့သည်။

ထို့အပြင်၊ TBC အဖွဲ့က စီစဉ်ထားသည့်အတိုင်း စာရင်းစစ်ဆေးမှု ၃ ကြိမ်နှင့် ပြင်ပအဖွဲ့အစည်းမှနေ၍ နှစ်စဉ် စာရင်းစစ်မှုကို ဆောင်ရွက်ခဲ့သည်။ ယခင်နှစ်က စာရင်းစစ်ဆေးမှု ၁၂ ကြိမ်နှင့် နှိုင်းယှဉ်လျှင် လျှော့နည်းသွားသည်။ ယခု စာရင်းစစ်ဆေးမှုများသည် အချို့သောအလှူရှင်များ၏ နှစ်စဉ်လိုအပ်ချက်များအရ စံနှုန်းကျ ဖြစ်သည်။ စိုးရိမ်ဖွယ်ကိစ္စများ မတွေ့ရှိရဘဲ နိဂုံးချုပ်နိုင်ခဲ့သည်။ TBC အဖွဲ့က တည်ကြည်မှုနှင့် ပွင့်လင်းမြင်သာမှုအပေါ် သံန္နိဋ္ဌာန်ပိုင်းဖြတ်ထားမှုအပေါ် ဆက်လက်၍ အတည်ပြုပေးနိုင်ခဲ့ပြီး၊ ၎င်း၏စနစ်များနှင့် လုပ်ငန်းဆောင်တာများအနေဖြင့် ပုံမှန်စောင့်ကြည့် နှစ်စဉ် ပြင်ပဌာနအချို့၏ စစ်ဆေးကြီးကြပ်မှုအောက်တွင် ဆောင်ရွက်နေကြောင်း အလေးအနက်ထား ပြသနိုင်ခဲ့သည်။

## ဝင်ငွေ

TBC အဖွဲ့က ယူကေနိုင်ငံ၏ ငွေစာရင်းထားရှိမှု စံနှုန်း (FRS 102 SORP) ကို လိုက်နာကျင့်သုံးပါသည်။ ဝင်ငွေအဖြစ် သတ်မှတ်ရာ၌ ဂရန့်တခု ရရှိရန် အခွင့်အရေး၊ ရရှိမည်ဟု သေချာကျိုးကြောင်း ဖြစ်ပေါ်လာသည့်အခါတွင် ဖြစ်သည်။ ယင်းကို လုံလောက်စွာ ငွေကြေးတန်ဖိုးဖြင့် တိုင်းတာနိုင်ရမည်။ ဝင်ငွေဟု ၎င်းကို ငွေသားအဖြစ် မရရှိမီတွင် အသိအမှတ်ပြုသည်။ ပုံမှန်အားဖြင့် ကန်ထရိုက် လက်မှတ်ထိုးသည့်အခါနှင့် ငွေအပြည့်အဝ ပေးချေမှု မပြုရသေးသည့်တိုင် လက်ခံရရှိငွေအဖြစ် ရရှိသိမ်းဆည်းသည်။

TBC အဖွဲ့၏ အချို့သော အစီအစဉ်များနှင့် စီမံခန့်ခွဲမှုများအတွက် ရန်ပုံငွေများမှာ TBC အဖွဲ့ထံ တိုက်ရိုက်ရောက်ရှိ မလာကြပါ။

သို့သော် ယင်းကို မိတ်ဖက်အဲန်ဂျီအို အဖွဲ့အစည်းများက သူတို့ တည်ရှိရာနိုင်ငံများတွင် လက်ခံရရှိကြပြီး၊ TBC အဖွဲ့ထံသို့ လက်ခွဲဂရန့် ပြန်၍ပေးသည်။ ဤသို့သော ရန်ပုံငွေပေးသည့် မိတ်ဖက်အဖွဲ့အစည်းအချို့သည် TBC ညွန့်ပေါင်းအဖွဲ့ဝင် အဖွဲ့အစည်းများဖြစ်ကြပြီး၊ သူတို့နှင့်အတူ အခြားအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များက အလှူများနှင့် တသီးပုဂ္ဂလ ဂရန့်များပြု၍ ကူညီပေးကြသည်။

**ဇယား ၅။ ၂။ ရန်ပုံငွေ အရင်းအမြစ်များ- ၂၀၂၃ ခုနှစ် (ထိုင်းဘတ် ၉၅၂ သန်း)**




၂၀၂၃ ခုနှစ်အတွက် စုစုပေါင်းဝင်ငွေမှာ ထိုင်းဘတ် ၉၅၃ သန်း ဖြစ်သည်။ ယင်းမှာ ဘတ်ဂျက်သတ်မှတ် ရေးဆွဲထားသည်ထက် ထိုင်းဘတ် ၁၄၈ သန်း (၁၈%) ပိုများပါသည်။ ယခင်နှစ်ထက်စာလျှင် ထိုင်းဘတ် ၃၈ သန်း ပိုများပါသည်။ TBC အဖွဲ့က နိုင်ငံခြားငွေလဲလှယ်မှုကြောင့် အပိုရငွေ ထိုင်းဘတ် ၂၄ သန်း ရှိပါသည်။ ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် နိုင်ငံခြားငွေလဲလှယ်မှုမှ ၂၃ သန်း ဆုံးရှုံးခဲ့သောကြောင့် ယခုနှစ်တွင် သိသာထင်ရှားသည့် တိုးတက်မှု ဖြစ်ပါသည်။ အကြောင်းမှာ ၂၀၂၃ ခုနှစ် တနှစ်လုံးတွင် အမေရိကန်ဒေါ်လာ နှင့် ဗြိတိန်ပေါင်ငွေ တန်ဖိုးမြင့်တက်နေမှုကြောင့် အဓိက ဖြစ်သည်။

TBC အဖွဲ့၏လုပ်ငန်းဆောင်တာများအတွက် အမေရိကန် ပြည်ထောင်စု၊ ယူနိုက်တက် ကင်းဒမ်း၊ နယူးဇီလန်၊ သြစတြေလျ၊ ဒိန်းမတ်၊ ဂျပန်နှင့် ပိုလန် အစိုးရတို့က ကူညီပံ့ပိုးငွေများ ရရှိခဲ့ပါသည်။ အစိုးရအခြေပြု အလှူရှင်များထံမှ TBC အဖွဲ့၏ နှစ်စဉ်စုစုပေါင်း ရန်ပုံငွေ၏ ၉၇% ကို ရရှိသည်။ ထို့အပြင် TBC အဖွဲ့က ဥရောပသမဂ္ဂမှလည်း ပံပိုးကူညီမှုများကို UNOPS က စီမံခန့်ခွဲသည့် နက်ဆပ်စ်တုံ့ပြန်မှု လုပ်ငန်းစဉ် (Nexus Response Mechanism) မှတဆင့် ဆက်လက် လက်ခံရရှိပါသည်။ ၎င်းသည် အလှူရှင် အဖွဲ့များစွာပါသည့် သက်မွေးဝမ်းကျောင်းမှုများနှင့် စားနပ် ရိက္ခာလုံခြုံရေး ထရပ်စ်အဖွဲ့ (LIFT) ထံမှတဆင့် အကူအညီဖြစ်ပြီး၊ UNOPS က စီမံခန့်ခွဲပါသည်။

အမေရိကန်ပြည်ထောင်စု အစိုးရ၏ လူဦးရေဆိုင်ရာကိစ္စများ၊ ဒုက္ခသည်နှင့် ရွှေ့ပြောင်းအခြေချမှု ဗျူရို (PRM) သည် TBC အဖွဲ့အတွက် အကြီးဆုံးအလှူရှင် ဖြစ်ပြီး၊ စုစုပေါင်း ဝင်ငွေများ၏ ၆၀% ရှိပါသည်။ PRM ၏ ရန်ပုံငွေများမှနေ၍ မီးထိုးဆီများ၊ စားနပ်ရိက္ခာကဒ် စနစ် (FCS) နှင့် ဒုက္ခသည်စခန်းများအတွင်း အခြားသက်ဆိုင်သည့် လုပ်ငန်းဆောင်တာများအတွက် ထောက်ပံ့ပေးသည်။ ရရှိသော ရန်ပုံငွေသည် COVID-19 ကူးစက်ကပ်ဘေး ကာလအတွင်း ရိက္ခာခွဲတမ်းအဆင့်ကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတိုင်အောင် ထိန်းသိမ်းထားရန် လုံလောက်ခဲ့သည်။ သို့သော် အလျှင်အမြန် မြင့်တက်နေသော ကုန်ဈေးနှုန်းကြောင့် TBC အဖွဲ့က COVID-19 ကူးစက်ဘေး မတိုင်မီ အဆင့်များသို့ ပြန်ပြောင်း သတ်မှတ်ခဲ့သည်။ ထို့အပြင် အခြား အမေရိကန်ဒေါ်လာ ၂.၄ သန်းကို မြန်မာနိုင်ငံတွင် စစ်ပွဲ တိုက်ခိုက်မှုများမှ ထွက်ပြေးလာရသူများ၏ အရေးပေါ် အကူအညီပေးနိုင်ရန် ခွဲဝေသတ်မှတ်ထားခဲ့သည်။

နောက်ထပ် ၃-နှစ်စာ သဘောတူညီမှု၏ ဒုတိယနှစ်အဖြစ် ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် စတင်သည်။

ယူကေနိုင်ငံမှ နိုင်ငံခြားရေး၊ ဓနသဟာယနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ရုံး (FCDO) သည် TBC အဖွဲ့၏ ဒုတိယအကြီးဆုံး အလှူရှင်ဖြစ်သည်။ တနှစ်ခွဲကာလ စာချုပ်ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် စတင်ပြီး၊ ၂၀၂၄ ခုနှစ် မတ်လတွင် ပြီးဆုံးစေရန် လျာထားသည်။ ၂၀၂၄ ခုနှစ် မတ်လတွင် တနှစ်အချိန်တိုး သဘောတူညီချက်ကို ၂၀၂၅ ခုနှစ် မတ်လအထိ ဗြိတိန်ပေါင် ၃.၅ သန်း လက်မှတ်ရေးထိုးခဲ့သည်။ ထိုင်းနိုင်ငံတွင် ဤရန်ပုံငွေဖြင့် အမိုးအကာ ရရှိရေး၊ အာဟာရ ရရှိရေးနှင့် စခန်း ၉-ခုတွင် စခန်းစီမံခန့်ခွဲမှု အစီအစဉ်များအတွက် အသုံးပြုပါသည်။ မြန်မာနိုင်ငံတွင် ဤရန်ပုံငွေဖြင့် ဆေးဝါးဆိုင်ရာ လိုအပ်ချက်များ၊ ဖွံ့ဖြိုးရေး စီမံချက်များနှင့် ဒေသခံ ကျေးရွာ ဆွေးနွေးပွဲများ ဆောင်ရွက်ပေးသော အရပ်ဘက် လူမှုအဖွဲ့အစည်းများ (CSOs) အတွက် အသုံးပြုပါသည်။ FCDO အဖွဲ့က နယ်စပ်နှစ်ဖက်လုံးတွင် အရေးပေါ်တုံ့ပြန်မှု အကူအညီများအတွက်လည်း ထောက်ပံ့ပေးနေပါသည်။

ဩစတြေးလျနိုင်ငံ၏ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေး ဝန်ကြီးဌာန (MFAT) သည် အပြည်ပြည်ဆိုင်ရာ ကယ်ဆယ်ရေးကော်မီတီ (IRC) အဖွဲ့မှတဆင့် TBC အဖွဲ့၏ တတိယအကြီးဆုံး အလှူရှင်တဦးအဖြစ် ဆက်လက် ရပ်တည်နေသည်။ ၂၀၂၃- ၂၀၂၅ ခုနှစ်များ ၃-နှစ်တာ အဆိုပြုချက်ကို လက်မှတ်ရေးထိုးခဲ့မည်။ DFAT သည် နယ်စပ်တလျှောက် စခန်း ၉-ခု စီမံခန့်ခွဲမှုများအတွက် အရေးပါသည့် ထောက်ပံ့ပေးသူ ဖြစ်သည်။ ယင်းလုပ်ငန်းဆောင်တာများသည် TBC အဖွဲ့၏ ဦးတည်ချက် ၄-ခုလုံးကို လွှမ်းခြုံမှုရှိပြီး ယင်းတွင် အမိုးအကာ၊ အစားအစာ၊ အာဟာရ ရရှိမှု၊ အရပ်ဘက် လူမှုအဖွဲ့အစည်း (CSO) အုပ်ချုပ်ရေးနှင့် အဖွဲ့အစည်းဆိုင်ရာ ကုန်ကျစားရိတ်များ ပါဝင်သည်။ DFAT က မြန်မာနိုင်ငံရှိ အရေးပေါ်တုံ့ပြန်မှုများအတွက်လည်း ရန်ပုံငွေ ထောက်ပံ့ပေးနေသည်။

နယူးဇီလန်နိုင်ငံမှ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေး ဝန်ကြီးဌာန (MFAT) သည် ၂၀၂၀ ခုနှစ်မှ စတင်၍ ၂၀၂၄ ခုနှစ် ဇွန်လတိုင် ဆက်လက် ထောက်ပံ့ပေးနေသည်။ နောက်ထပ် ၂-နှစ်စာ သဘောတူညီချက်ကို ၂၀၂၄ ခုနှစ် ဇူလိုင်လမှစ၍ ညှိနှိုင်းဆွေးနွေးမှုများ ပြုနေသည်။ မြန်မာနိုင်ငံ အကျပ်အတည်းအတွက် ဖြေရှင်းပံ့ပိုးရန် နှစ်စဉ် ကူညီထောက်ပံ့မှုသည် ထိုင်းဘတ် ၅၃ သန်း ကူညီပေးသည်။

TBC အဖွဲ့က အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့အခြေချမှု အဖွဲ့ (IOM) ထံမှ အကူအညီငွေများ အသစ် ရရှိခဲ့ပြီး၊ ၃-နှစ်တာ ကာလရှည် ထောက်ပံ့မှု သဘောတူညီမှုကို အမေရိကန်ပြည်ထောင်စု နိုင်ငံတကာ ဖွံ့ဖြိုးရေး အေဂျင်စီ (USAID) နှင့် စာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။ ယင်းတွင် ရပ်ရွာမိတ်ဖက် နိုင်ငံတကာအဖွဲ့ Community Partners International (CPI) လည်း မိတ်ဖက်အဖြစ် ပါဝင်သည်။

TBC အဖွဲ့၏ ထိုင်းနိုင်ငံရှိ ပုံမှန် အစီအစဉ်များအတွက် အခြားသော အစိုးရငွေကြေး ထောက်ပံ့မှုများမှာ ဩစတြေးလျနိုင်ငံ အဲန်ဂျီအိုများ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ANCP) ထံမှ Act-for-Peace အဖွဲ့မှ တဆင့်လည်းကောင်း၊ ဒိန်းမတ်နိုင်ငံမှ (DANIDA) က Danish Church Aid (DCA) မှ တဆင့်လည်းကောင်း၊ ဂျပန်-ငြိမ်းချမ်းရေး Japan-PEACE အဖွဲ့နှင့် ပိုလန်သမ္မတနိုင်ငံ သံရုံး (ထိုင်းနိုင်ငံ) တို့မှ ရရှိပါသည်။ အစိုးရများထံမှ မဟုတ်သည့် ရန်ပုံငွေများမှာ Caritas-Australia  အဖွဲ့ထံမှ အာဟာရ ရရှိရေးအတွက်၊ ICCO နှင့် အခြားသော တသီးပုဂ္ဂလ ပုံမှန်အလှူရှင်များထံမှ တနှစ်ပတ်လုံး ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ၏ UNOPS-Myanmar သည် သက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာလုံခြုံရေး ညွန့်ပေါင်းအဖွဲ့ (LIFT) မှတဆင့် မြန်မာနိုင်ငံတွင် အဆင့် (၂) Phase II ကို ကူညီပေးရန် သဘောတူညီခဲ့ပြီး၊ နောက်ထပ် ၆ လ သက်တန်းတိုးခဲ့ပြီး ၂၀၂၄ ခုနှစ် ဇွန်လအထိ ဖြစ်သည်။ ယင်းဂရန့်တွင် ပြန်လည်ထူထောင်ရေး/ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းများအတွက် အကောင်အထည် ဖော်နေကြသည့် ဒေသခံမိတ်ဖက် အဖွဲ့အစည်းများကို လက်ခွဲဂရန့်များ ထပ်၍ပေးနိုင်မည် ဖြစ်သည်။




ခန့်မှန်း ထိုင်းဘတ် ၂၀၈ သန်း၊ သို့မဟုတ် ယခုနှစ် နှစ်စဉ် ဝင်ငွေ၏ ၂၂% ကို အရေးပေါ်တုံ့ပြန်ကူညီမှုအတွက် တိုက်ရိုက် ပံ့ပိုးခဲ့သည်။ ထိုင်းနယ်စပ်နှင့် မြန်မာနိုင်ငံအတွက် အဓိကထည့်ဝင်ကြသည့် အလှူရှင်များမှာ-

- USA-PRM ထံမှ ထိုင်းဘတ် ၉၁ သန်း
- Australia-DFAT ထံမှ ထိုင်းဘတ် ၂၂.၄ သန်း
- MFAT- နယူးဇီလန် ထံမှ ထိုင်းဘတ် ၅၃ သန်း
- FCDO-UK ထံမှ ထိုင်းဘတ် ၁ သန်း

- UNOPS-NEXUS - DCA ထံမှတဆင့် ထိုင်းဘတ် ၃၀ သန်း
- Kerk en Actie ထံမှ ထိုင်းဘတ် ၁.၈ သန်း
- IOM ထံမှ ထိုင်းဘတ် ၁၀ သန်း တို့ ဖြစ်ကြသည်။

**ဇယား ၅။ ၃။** တွင် အလှူရှင်တခုချင်းအလိုက် ရရှိသည့် ရန်ပုံငွေများကို ခွဲခြားဖော်ပြထားပါသည်။ ဤသို့ ရန်ပုံငွေရရှိမှုအဆင့်နှင့် TBC အဖွဲ့က လက်ငင်း အစီအစဉ်များ လိုအပ်ချက်များကို ဖြည့်ဆည်း ပြည့်မီနိုင်မည်ဟု မျှော်လင့်ထားပါသည်။ သို့အတွက်ကြောင့် စိုးရိမ်ပူပန်မှု ဆက်ရှိနေပါသည်။

## ဇယား (၅။ ၃) ဝင်ငွေ- ၂၀၂၃ ခုနှစ်

| ဝင်ငွေ ၂၀၂၃ ခုနှစ် (ထိုင်းဘတ် ,၀၀၀) | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ရန်ပုံငွေ ရင်းမြစ် | | ၂၀၂၃ ခုနှစ် မူရင်းဘတ်ဂျက် | | ၂၀၂၃ ခုနှစ် အမှန်တကယ်သုံးစွဲ | | မူရင်းဘတ်ဂျက်မှ ပြောင်းလဲမှု | | |
| အစိုးရများကို အခြေခံသည့် ရန်ပုံငွေများ | ငွေကြေး | နိုင်ငံခြား ငွေကြေး | ထိုင်းဘတ် ,၀၀၀ | နိုင်ငံခြား ငွေကြေး | ထိုင်းဘတ် ,၀၀၀ | ထိုင်းဘတ် ,၀၀၀ | ရာခိုင်နှုန်း | |
| **အစိုးရများက ပေးသည့် ရန်ပုံငွေများ** | | | | | | | | |
| ဩစတြေးလျ ANCP (Act for Peace) | AUD | ၁၆၁,၀၀၀ | ၃,၈၆၄ | ၁၆၀,၀၀၀ | ၃,၃၇၁ | (၄၉၃) | -၁၃% | |
| ဩစတြေးလျ DFAT (IRC) | AUD | ၁,၆၉၁,၆၆၅ | ၄၀,၆၀၀ | ၂,၁၉၉,၀၀၄ | ၄၉,၂၅၈ | ၈,၆၅၈ | ၂၁% | |
| ဒိန်းမတ်- DANIDA (DCA) | DKK | ၁,၇၇၄,၂၉၆ | ၈,၅၁၇ | ၁,၆၅၇,၃၃၉ | ၅,၇၄၀ | (၂,၇၇၆) | -၃၃% | |
| ယူကေ FCDO မြန်မာ | GBP | ၁၈၅,၀၀၀ | ၇,၇၇၀ | ၁၈၅,၀၀၀ | ၇,၇၄၃ | (၂၇) | ၀ % | |
| ယူကေ FCDO ထိုင်းနိုင်ငံ | GBP | ၁,၈၀၆,၁၀၃ | ၇၅,၈၅၆ | ၁,၄၅၆,၁၀၃ | ၆၀,၉၄၁ | (၁၄,၉၁၅) | -၂၀% | |
| UNOPS-LIFT Fund မြန်မာ | USD | ၁,၄၈၆,၂၄၉ | ၄၇,၅၆၀ | ၁,၄၈၆,၂၄၉ | ၅၀,၈၈၃ | ၃,၃၂၃ | ၇% | |
| USA PRM | USD | ၁၂,၃၇၀,၅၅၁ | ၃၉၅,၈၅၈ | ၁၄,၅၅၇,၁၀၃ | ၄၈၇,၆၃၅ | ၉၁,၇၇၇ | ၂၃% | |
| ပိုလန် | USD | | | ၁၉,၀၀၀ | ၆၇၆ | ၆၇၆ | - | |
| USAID | USD | ၁,၂၁၆,၅၇၇ | ၃၈,၉၃၀ | ၁,၂၀၀,၀၂၃ | ၄၀,၇၂၂ | ၁,၇၉၂ | ၅% | |
| Japan- PEACE | THB | ၄,၂၀၀,၀၀၀ | ၄,၂၀၀ | ၄,၂၀၀,၀၀၀ | ၄,၁၇၀ | (၃၀) | -၁% | |
| **အရေးပေါ် ရန်ပုံငွေ** | | | | | | | | |
| နယူးဇီလန် MFAT | NZD | ၂,၅၀၀,၀၀၀ | ၅၅,၀၀၀ | ၂,၅၀၀,၀၀၀ | ၅၃,၁၀၀ | (၁,၉၀၀) | -၃% | |
| SIDA- NRC | USD | ၁၂၀,၀၀၀ | ၄,၂၁၆ | - | - | (၄,၂၁၆) | -၁၀၀% | |
| ယူကေ FCDO | GBP | ၈,၈၉၇ | ၃၅၆ | ၈,၈၉၇ | ၃၇၂ | ၁၆ | ၅% | |
| UNOPS/NRM (DCA) | USD | ၉၀၀,၀၀၀ | ၂၈,၈၀၀ | ၉၀၀,၀၀၀ | ၂၉,၃၆၀ | ၅၆၀ | ၂% | |
| USA-PRM | USD | ၁,၆၂၉,၄၄၉ | ၅၃,၇၇၂ | ၂,၄၄၂,၈၉၇ | ၉၁,၃၈၀ | ၃၇,၆၀၈ | ၇၀% | |
| Australia DFAT (IRC) | AUD | ၁,၀၀၀,၀၀၀ | ၂၄,၀၀၀ | ၁,၀၀၀,၀၀၀ | ၂၂,၄၀၀ | (၁,၆၀၀) | -၇% | |
| KIA | USD | ၁၂၀,၀၀၀ | ၃,၈၄၀ | ၅၀,၀၀၀ | ၁,၈၁၇ | (၂,၀၂၃) | -၅၃% | |
| IOM | THB | | | ၁၀,၀၀၀,၀၀၀ | ၁၀,၀၀၀ | ၁၀၀,၀၀၀ | - | |
| **စုစုပေါင်း အစိုးရများမှ ထောက်ပံ့ငွေ** | | | ၆၁၆,၉၀၉ | | ၉၀၂,၉၂၁ | ၂၈၆,၀၁၁ | ၄၆% | |
| **အစိုးရမဟုတ်သည့် ရန်ပုံငွေများ** | | | | | | | | |
| Caritas Australia | AUD | ၂၂၀,၀၀၀ | ၆,၀၀၀ | ၂၅၀,၀၀၀ | ၄,၈၉၈ | (၁,၁၀၂) | -၁၈% | |
| Church World Service | USD | ၅၀,၀၀၀ | ၁,၆၀၀ | ၅၀,၀၀၀ | ၁,၇၃၆ | ၁၃၆ | ၈% | |
| ICCO | EUR | ၅၀,၀၀၀ | ၁,၆၀၀ | ၅၀,၀၀၀ | ၁,၈၇၆ | ၂၇၆ | ၁၇% | |
| အခြားဝင်ငွေများ | THB | | ၁,၀၀၀ | | ၄၃၄ | (၅၆၆) | - ၅၇% | |
| အတိုးနှုန်းမှ ဝင်ငွေ | THB | | | | ၂၄,၅၃၂ | ၂၄,၅၃၂ | - | |
| **စုစုပေါင်း အခြား** | | | ၁၀,၂၀၀ | | ၃၃,၄၇၅ | ၂၃,၂၇၅ | ၂၂၈% | |
| **စုစုပေါင်း ဝင်ငွေ** | | | ၇၉၉,၄၉၈ | | ၉၅၃,၀၄၃ | ၁၅၃,၅၄၅ | ၁၉% | |
| | | | | | | | | |
| အသုံးစားရိတ်များ | | | ၉၀၀,၀၀၀ | | ၉၃၁,၁၃၄ | ၃၁,၁၃၄ | ၃% | |
| လက်ရှိနှစ်တွင် စုစုပေါင်း လွှဲပြောင်းမှု | | | (၁၀၀,၅၀၂) | | ၂၁,၉၁၀ | | | |
| ယခင်မှ ဆက်၍သယ်ဆောင်လာသည့် ရန်ပုံငွေ | | | ၅၅၀,၄၁၂ | | ၅၃၀,၉၂၉ | | | |
| စုစုပေါင်း ရှေ့ဆက်သယ်ဆောင်လာသည့် ရန်ပုံငွေ | | | **၄၄၉,၉၁၀** | | **၅၅၂,၈၃၉** | (၁၉,၄၈၃) | -၄% | |
| လျှော့နည်းငွေ- ကန့်သတ်ထိန်းချုပ် ရန်ပုံငွေ | | | ၃၆၇,၆၃၈ | | ၄၄၇,၂၉၇ | ၇၉,၆၅၉ | ၂၂% | |
| ခေါင်းစဉ်သတ်မှတ်ထားသည့် ရန်ပုံငွေ | | | ၆၂,၀၀၀ | | ၅၉,၀၀၀ | | | |
| စုစုပေါင်း မရွှေ့ပြောင်းနိုင်သည့် ပိုင်ဆိုင်မှု | | | ၁,၀၀၀ | | ၁,၀၀၀ | | | |
| | | | | | | | | |
| **လွတ်လပ်စွာသုံးစွဲနိုင်သည့် အထွေထွေ ရန်ပုံငွေ** | | | ၁၉,၂၇၂ | | ၄၅,၅၄၂ | ၂၆,၂၆၉ | ၁၃၆ % | |

**အသုံးစားရိတ်- ၂၀၂၃ ခုနှစ်**
**ဇယား ၅။ ၄။ မဟာဗျူဟာ ရည်မှန်းချက်များအလိုက် အသုံးစားရိတ်များ**

| မဟာဗျူဟာ ရည်မှန်းချက်များ ၂၀၂၃-၂၀၂၅ | ဘတ်ဂျက် | တိုက်ရိုက် အမှန်စာရင်း | အရင်းအမြစ်များ | စုစုပေါင်း အမှန်စာရင်း |
|---|---|---|---|---|
| ၁။ လူသားချင်းစာနာမှု လိုအပ်ချက် ဦးစားပေးခြင်း | ၆၄၄,၀၀၀,၀၀၀ | ၆၈၁,၉၃၉,၉၂၀ | ၃,၀၈၁,၄၅၄ | ၆၈၅,၀၂၁,၃၇၄ |
| ၂။ ကြံ့ကြံ့ခံနိုင်မှုနှင့် နာလံထမှုကို အားဖြည့်ပေးခြင်း | ၅၄,၀၀၀,၀၀၀ | ၄၇,၈၁၁,၈၅၀ | ၉၉၀,၄၆၇ | ၄၈,၈၀၂,၃၁၇ |
| ၃။ ကာကွယ်ပေးမှု မြှင့်တင်ပေးခြင်းနှင့်လုံခြုံသော အနာဂတ်များ | ၆၂,၀၀၀,၀၀၀ | ၅၅,၈၅၆,၄၄၀ | ၅၅၀,၂၆၀ | ၅၆,၄၀၆,၇၀၀ |
| ၄။ ဒေသန္တရအုပ်ချုပ်မှုစနစ်များကို အားကောင်း စေခြင်း | ၁၃၉,၇၀၀,၀၀၀ | ၁၃၈,၂၄၄,၈၉၉ | ၂,၂၀၁,၀၃၈ | ၁၄၀,၄၄၅,၉၃၇ |
| လှုပ်ရှားမှုကုန်ကျစားရိတ်များ စုစုပေါင်း sub-total | **၈၉၉,၇၀၀,၀၀၀** | **၉၂၃,၈၅၃,၁၀၉** | **၆,၈၂၃,၂၁၉** | **၉၃၀,၆၇၆,၃၂၈** |
| ရန်ပုံငွေများ ရှာဖွေရန် ကုန်ကျစားရိတ် | ၃၀၀,၀၀၀ | ၁၅၄,၀၅၇ | ၃၀၃,၁၆၈ | ၄၅၇,၂၂၅ |
| **စုစုပေါင်း ကုန်ကျစားရိတ်** | **၉၀၀,၀၀၀,၀၀၀** | **၉၂၄,၀၀၇,၁၆၆** | **၇,၁၂၆,၃၈၇** | **၉၃၁,၁၃၃,၅၅၃** |

၂၀၂၃ ခုနှစ်တွင်၊ TBC အဖွဲ့၏ ၂၀၂၃-၂၀၂၅ မဟာဗျူဟာ အစီအစဉ်ကို စတင်မိတ်ဆက် ဆောင်ရွက်ခဲ့သည်။ ယခင်ချည်းကပ် ဆောင်ရွက်မှုများမှ လမ်းခွဲခဲ့ပြီကို ပြသခြင်း ဖြစ်သည်။ ယခင်မဟာဗျူဟာသည် အဓိကအားဖြင့် မြန်မာနိုင်ငံမှ ဒုက္ခသည်များ မိမိ ဆန္ဒအလျောက် အိမ်ပြန်နိုင်ရေးကို အလေးထားဆောင်ရွက်သည်။ အသစ်သော မဟာဗျူဟာ ဦးတည်ချက်သည် အခြားရွေး ချယ်စရာ အဖြေများကို စူးစမ်းဖော်ထုတ်ရန် အလေးပေးထားသည်။ အိုးအိမ်စွန့်ပစ် ထွက်ပြေးကြရသူများ၏ မြင့်မားလာနေ သော လိုအပ်ချက်များနှင့် အခွင့်အလမ်းများကို အဖြေထုတ်နိုင်ရန် ဖြစ်သည်။

တိုက်ရိုက်အမှန်တကယ် အသုံးစားရိတ်များကို မဟာဗျူဟာ ရည်မှန်းချက်များအလိုက် ပြန်၍ သုံးသပ်ပါသည်။ လုံလောက်သော အာဟာရ ဆက်လက်ရရှိနိုင်ရေးအတွက် သက်ဆိုင်သည့် ကုန်ကျစားရိတ်များနှင့် ဒုက္ခသည်စခန်းများအကြား သင့်လျော်သည့် အမိုးအကာ ခွဲဝေပေးနိုင်ရေး (လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ) အတွက် နှင့် ပြည်တွင်းဒုက္ခသည်များ (အရေးပေါ် ကယ် ဆယ်ရေးအကူအညီ) အတွက်နှင့် ပတ်သက်၍ ကုန်ကျစားရိတ်များ အသုံးပြုခဲ့သည်။ အချို့သော ဖြစ်ရပ်များတွင် ဥပမာအားဖြင့် အာဟာရ ရရှိရေး၊ အမိုးအကာ၊ လစာ (ထောက်ပံ့ကြေး) နှင့် စခန်းစီမံခန့်ခွဲမှု စသည့် မတူခြားနားသော လုပ်ငန်းဆောင်တာများ သည် ရည်မှန်းချက်တွင် အများတွင် ကိုက်ညီအံဝင်နေကြသည်။ယင်းကို ကုန်ကျစားရိတ် စင်တာများ အလိုက်၊ သီးခြားကုဒ်များ ဖြင့် ငွေစာရင်းတွင် ခွဲဝေဖြည့်သွင်းပါသည်။

မဟာဗျူဟာ ရည်ရွယ်ချက်တခုချင်းစီတွင် တိကျသည့် အစီအစဉ်များနှင့် သက်ဆိုင်သည့် ကုန်ကျစားရိတ်များ ရှိပြီး တိကျသည့် သက်ဆိုင်ရန် ပန်းတိုင်များကို ရရှိရန် ရည်ရွယ်ထားသည်။

၁။ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ။ ဤဦးတည်ချက်သည် လက်ငင်း လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရန် အလေးထားသည်။ အစီအစဉ်နှင့် သက်ဆိုင်သည့် ကုန်ကျစားရိတ်များတွင် စာနပ်ရိက္ခာကဒ်စနစ်နှင့် သက်ဆိုင် သည့် အသုံးစားရိတ်များ၊ မီးထိုးဆီ၊ အမိုးအကာ လုပ်ငန်းများနှင့် အများစုသော အရေးပေါ်တုံ့ပြန် ကူညီမှုများ ထောက်ပံ့ပေးခြင်း တို့ ဖြစ်သည်။

၂။ ကြံ့ကြံ့ခံနိုင်မှုနှင့် နာလံထမှုကို အားဖြည့်ပေးခြင်း။ ဤဦးတည်ချက်သည် ရပ်ရွာလူထုများ၏ ကြံ့ကြံ့ခံနိုင်မှုကို အားဖြည့်ပေး ပြီး၊ နာလံထလာနိုင်စေရေးအတွက် ပံ့ပိုးပေးသည်။ အစီအစဉ်နှင့် သက်ဆိုင်သည့် ကုန်ကျစားရိတ်များတွင် သဘာဝရင်းမြစ် စီမံ ခန့်ခွဲမှု၊ စိုက်ပျိုးရေး တိုးချဲ့ဆောင်ရွက်မှု ဝန်ဆောင်ပေးမှုများ၊ အာဟာရ ရရှိမှု ကြိုးပမ်းမှုများ၊ သန့်ရှင်းသော သောက်သုံးရေ၊ မိလ္လာနှင့် တကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ ကြားဝင်ကူညီပေးမှုများ စသည်တို့ လွှမ်းခြုံပါဝင်သည်။

၃။ ကာကွယ်ပေးမှု မြှင့်တင်ပေးခြင်း နှင့် လုံခြုံသည့် အနာဂတ်များ။ ဤဦးတည်ချက်တွင် အိုးအိမ်စွန့်ပစ်ထွက်ပြေးလာရသူ လူထု များအတွက် ကာကွယ်ပေးမှုကို မြှင့်တင်ပေးခြင်းနှင့် လုံခြုံသည့် အနာဂတ်များကို ဖန်တီးနိုင်ပေးရေးတွင် ဗဟိုပြုထားသည်။ အစီ

အစဉ်နှင့် သက်ဆိုင်သည့် ကုန်ကျစားရိတ်များတွင် စခန်းစီမံခန့်ခွဲမှု လစာ (ထောက်ပံ့ကြေးများ) နှင့် အုပ်ချုပ်ရေး၊ အနာဂတ်များ ဖန်တီးရေး ကူညီပံ့ပိုးသည့် ကုန်ကျစားရိတ်များနှင့် လူမှုကာကွယ်ပေးရေးဆိုင်ရာ ပံ့ပိုးပေးသည့် ကြိုးပမ်းမှုများ ပါဝင်သည်။

၄။ ဒေသန္တရ အုပ်ချုပ်မှုစနစ် အားကောင်းစေခြင်း။ ဤဦးတည်ချက်တွင် ဒေသန္တရ အုပ်ချုပ်မှုစနစ် ဖွဲ့စည်းပုံကို အားဖြည့်ပေးသည့် လုပ်ငန်းများနှင့် အဖွဲ့အစည်းစနစ်များကို အားဖြည့်ပေးရေး အလေးထားသည်။ အစီအစဉ်နှင့် သက်ဆိုင်သည့် ကုန်ကျစားရိတ်များ တွင် လူသုံးကုန်ပစ္စည်းများကို အရည်အသွေး ထိန်းသိမ်းခြင်း၊ လုံခြုံမှု ကာကွယ်ပေးခြင်းနှင့် စည်းမျဉ်းလိုက်နာမှု စောင့်ကြည့်လေ့ လာခြင်း၊ အမိုးအကာ စောင့်ကြည့်လေ့လာမှုနှင့် ကူညီပေးမှု၊ ဒေသဆိုင်ရာအုပ်ချုပ်မှုစနစ် ပံ့ပိုးပေးမှုနှင့် TBC အဖွဲ့၏ အဖွဲ့အစည်း ဆိုင်ရာ ကုန်ကျစားရိတ်များ လွှမ်းခြုံပါဝင်သည်။

အစီအစဉ်များ အမှန်တကယ် အသုံးစားရိတ်မှာ ထိုင်းဘတ် ၉၃၁ သန်းရှိသည်။ (၂၀၂၂ ခုနှစ်ထက် ၉% ပိုများလာသည်)။

အရင်းအမြစ်ဆိုင်ရာ ကုန်ကျစားရိတ်များတွင် လစာများ၊ အကျိုးခံစားခွင့်များနှင့် အစီအစဉ်များနှင့် အကောင်အထည်ဖော်မှု နှင့် ပတ်သက်၍ အခြားတိုက်ရိုက်မဟုတ်သည့် ကုန်ကျစားရိတ်များ ပါဝင်သည်။ အချို့သော အရင်းအမြစ်ဆိုင်ရာ ကုန်ကျစားရိတ်များ သည် လှုပ်ရှားမှုများကို တိုက်ရိုက်အကျိုးပြုသော်လည်း၊ အချို့မှာ စီမံခန့်ခွဲမှုအရ မတူခြားနားသည့် လှုပ်ရှားမှုများတွင် သတ်မှတ် ထားသည့်ဝန်ထမ်းများက သုံးစွဲရမည့်အချိန်ကို ခန့်မှန်းတွက်ချက်ပြီး ခွဲဝေသုံးစွဲခြင်း ဖြစ်သည်။ စခန်းများတွင် ဒုက္ခသည်တဦးကို ထောက်ပံ့ပေးရန် ကုန်ကျစားရိတ်သည် ၂၀၂၃ ခုနှစ်တွင် ခန့်မှန်း ထိုင်းဘတ် ၆,၈၆၈ (GBP ၁၆၁) ကုန်ကျပါသည်။ ၂၀၂၂ ခုနှစ်တွင် ကုန်ကျစားရိတ် ထိုင်းဘတ် ၆,၈၀၇ (GBP ၁၆၀) နှင့် နှိုင်းယှဉ်ကြည့်ပါက အနည်းငယ် မြင့်လာသည်။ အရင်းအမြစ်များနှင့် အုပ် ချုပ်မှုစနစ် ကုန်ကျစားရိတ်များမှာ တနှစ်တာအတွက် စုစုပေါင်းအသုံးစားရိတ်များ၏ ၁% အောက်သာ ကျသင့်ပါသည်။

အစီအစဉ်များနှင့် ပတ်သက်၍ အများဆုံး အပြောင်းအလဲကြီးသည့် အသုံးစားရိတ်များမှာ မြန်မာစစ်အာဏာသိမ်းမှုကြောင့် ဖြစ် ပေါ်လာသည့် လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းကို တုံ့ပြန်ဖြေရှင်းရခြင်းနှင့် COVID-19 ကူးစက်ကပ်ဘေး၏ ထိခိုက် သက်ရောက်မှုများ ဆက်ရှိနေခြင်းကြောင့် ကုန်ကျရခြင်း ဖြစ်သည်။ TBC အဖွဲ့က ၂၀၂၂ ခုနှစ်မှ ကန့်သတ်ထိန်းချုပ်ထားသည့် ရန်ပုံ ငွေမှ ဆက်လက်သယ်ဆောင်လာ၍ ၂၀၂၃ ခုနှစ်တွင် ရှာဖွေနိုင်သည့် ရန်ပုံငွေအသစ်များကြောင့်လည်း အချိုးအရ မြင့်မားလာသည်။

အရေးပေါ်တုံ့ပြန်မှုများနှင့် တိုက်ရိုက်သက်ဆိုင်သည့် စုစုပေါင်းအသုံးစားရိတ်သည် ထိုင်းဘတ် ၂၁၃ သန်း ရှိပါသည်။ ယင်းအနက် ထိုင်းဘတ် ၆၀ သန်းကို ထိုင်းနိုင်ငံတွင် သုံးစွဲ၍ (၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါလျှင် ထိုင်းဘတ် ၃၇ သန်းရှိသည်။) မြန်မာနိုင်ငံတွင်ပံ့ပိုး ကူညီရန် ထိုင်းဘတ် ၁၅၃ သန်းသည် တိုက်ရိုက် ကူညီပေးခဲ့ပါသည်။ (၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါလျှင် ထိုင်းဘတ် ၁၉၆ သန်းရှိ သည်။) ဤကိန်းဂဏန်းများသည် ၂၀၂၂ ခုနှစ်တွင် စုစုပေါင်းနှိုင်းယှဉ်လျှင် အနည်းငယ် (ထိုင်းဘတ် ၂၀ သန်း) လျော့နည်းသွား သည်။

အများစုသော TBC အဖွဲ့၏ ထိုင်းနိုင်ငံတွင်းရှိ စခန်းများရှိ အသုံးစားရိတ်မှာ ပုံမှန်အားဖြင့် တည်ငြိမ်ပါသည်။ လူဦးရေ၊ ရိက္ခာ ခွဲတမ်းနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းပြောင်းလဲမှသာ တုံ့ပြန်မှုအနေဖြင့် အပြောင်းအလဲများ ရှိတတ်ပါသည်။ ယခုနှစ်တွင် စခန်းလူဦးရေနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်း နှစ်ခုစလုံး သိသိသာသာ တိုးတက်လာခဲ့ပါသည်။ ထိုင်းနိုင်ငံရှိ TBC အဖွဲ့၏ ထိုင်း နိုင်ငံရှိ လုပ်ငန်းလည်ပတ်စားရိတ်များမှာ အစီအစဉ်များအတွက် စုစုပေါင်းကုန်ကျစားရိတ် ထိုင်းဘတ် ၅၉၅ သန်း ရှိပါသည်။ မြန်မာနိုင်ငံတွင် အစီအစဉ်များ ကုန်ကျစားရိတ်မှာ ထိုင်းဘတ် ၁၂၂ သန်း ရှိပါသည်။

TBC အဖွဲ့သည် ကနဦးက စခန်းလူဦးရေကို ၃% တိုးတက်မည်ဟု ခန့်မှန်းထားခဲ့သည်။ မူလ ၈၀,၀၀၀ ဦးမှ ၈၂,၅၀၀ ဦး တနှစ် အတွင်း ဖြစ်လာခဲ့သည်။ သို့သော်လည်း အမှန်တကယ် ထောက်ပံ့ပေးရသည့် လူဦးရေသည် နှစ်ကုန်ချိန်တွင် ၈၆,၅၀၀ ဦးထက် ပို မြင့်မားခဲ့သည်။ ကူးစက်ကပ်ဘေးကာလ ထောက်ပံ့ပေးသည့် စားနပ်ရိက္ခာကဒ် အဆင့်သို့ ထိန်းသိမ်းထားနိုင်ရန် ကြိုးပမ်းပါသော် လည်း၊ အထူးနစ်နာဖွယ်ရှိသည့် အိမ်ထောင်စုများသာလျှင် စက်တင်ဘာလအထိ သီးသန့် မြင့်မားသည့် ရိက္ခာခွဲတမ်း ထောက်ပံ့ ပေးနိုင်ခဲ့သည်။ ဘတ်ဂျက် အကန့်အသတ်များကြောင့် နှင့် လူဦးရေတိုးတက်လာသည့်အတွက်ကြောင့် မူလရိက္ခာခွဲတမ်းအဆင့် သို့ ပြန်၍ပြောင်းလဲ သတ်မှတ်ရန် လိုအပ်လာသည်။

၂၀၂၂ ခုနှစ်၏နှစ်ကုန်တွင်၊ COVID-19 ကူးစက်ကပ်ဘေးကြောင့် ကန့်သတ်ထားမှုများကို ဖြေလျော့ပေးခဲ့ရာ၊ TBC အဖွဲ့၏ ဝန် ထမ်းများနှင့် မိတ်ဖက်အဖွဲ့များက စခန်းအတွင်း လှုပ်ရှားမှုများကို ပို၍တက်ကြွစည်းကြပ်စွာ စောင့်ကြည့်လေ့လာနိုင်ခဲ့သည်။ ကူးစက်ကပ်ဘေးကာလအတွင်း TBC အဖွဲ့က ထောက်ပံ့ပေးထားခဲ့သည့် အိုင်တီ (IT) နှင့် ဆက်သွယ်ရေးပစ္စည်းများအတွက်

ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ပြီး ပို၍ထိရောက်သည့် စောင့်ကြည့်လေ့လာမှုနည်းလမ်းများ သုံးနိုင်ခဲ့သည်။ သို့သော် ငွေသား လွှဲပြောင်းပေးမှု ပြုရသည့်၊ အစီအစဉ်များ နှင့် စနစ်များအတွက် လက်တွေ့စောင့်ကြည့်လေ့လာမှု နည်းလမ်းများမှာ ဆက်လက်၍ အရေးပါဆဲ ဖြစ်သည်။

<u>၂၀၂၃ ခုနှစ် အမှန်တကယ် အသုံးစားရိတ်အပေါ် အလေးပေးဖော်ပြချက်များ</u>

တစုံလုံးခြုံသည့် အစီအစဉ်ဆိုင်ရာ အသုံးစားရိတ်များ နှင့် အဓိကကုန်ကျစားရိတ်များကို အောက်တွင် ဖော်ပြထားပါသည်။

**မီးသွေး။** TBC အဖွဲ့၏ စခန်းများနှင့်ပတ်သက်၍ ဒုတိယအကြီးမားဆုံး ဘတ်ဂျက် ကုန်ကျငွေ ဖြစ်သည်။ အသုံးစားရိတ် ထိုင်းဘတ် ၁၀၀ သန်းရှိပြီး၊ ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းဘတ် ၉၈ သန်း ကုန်ကျခဲ့သည်။ ဤသို့မြင့်မားလာခြင်းမှာ စခန်းများအတွင်း လူဦးရေ များပြားလာခြင်းနှင့် သက်ဆိုင်သည်။

**အမိုးအကာပစ္စည်းများ။** ပုံမှန်အားဖြင့် စခန်းများတွင် အနိမ့်ဆုံး လိုအပ်ချက်အပေါ်တွင်သာ လွှမ်းခြုံမှု ရှိပါသည်။ အမိုးအကာအတွက် အပိုဆောင်းရန်ပုံငွေကို ကန့်သတ်ထားရှိခြင်းကြောင့် TBC အဖွဲ့အနေဖြင့် ပစ္စည်းများ ပို၍ ဝယ်ယူနိုင်ခဲ့သည်။ သို့ဖြစ်ရာ ပို၍ သုံးစွဲမှု ၂% နှင့် စုစုပေါင်း ထိုင်းဘတ် ၂၁ သန်း သုံးစွဲခဲ့သည်။

**စခန်းစီမံခန့်ခွဲမှု စားရိတ်**သည် ဘတ်ဂျက်ထက် ပိုမိုခဲ့ပြီး ထိုင်းဘတ် ၄ သန်း ရှိသည်။ အဓိကအားဖြင့် မိတ်ဖက်အဖွဲ့အစည်းများ၏ အုပ်ချုပ်မှု စားရိတ်များ မြင့်မားလာခြင်းကြောင့် ဖြစ်သည်။ တနှစ်လုံးတွင် ကုန်ကျစားရိတ်များထက် ၂၀% ပို၍ မြင့်မားလာသည်။ ယခင်နှစ်က ရင်းနှီးမြှုပ်နှံမှုများ ပြုခဲ့ပြီး စခန်းများအတွင်း လုံခြုံမှုမြှင့်တင်နိုင်ရေး ဆောင်ရွက်မှုများအတွက် သုံးစွဲခဲ့ခြင်း ဖြစ်သည်။ ရုံးပစ္စည်းများနှင့် ကွန်ပြူတာများ ဝယ်ယူစုဆောင်းခဲ့ပြီး စခန်းကော်မီတီများနှင့် ဆက်သွယ်ရေး တိုးမြင့်လာစေခဲ့သည်။

**လစာ ထောက်ပံ့မှုကုန်ကျစားရိတ်များ**မှာ ဘတ်ဂျက်အတွင်း ရှိပြီး ထိုင်းဘတ် ၃၀,၅ သန်း ရှိသည်။ ထို့အပြင် စခန်းကော်မီတီများ အုပ်ချုပ်မှု ကုန်ကျစားရိတ်များကို အချိန်များစွာ နောက်ကျနေသည့် ဘတ်ဂျက်မှ ရရှိခဲ့ပြီး ယခင်နှစ်ထက်စာလျှင် ၂၀% မြင့်မားနေသည်။

**စားနပ်ရိက္ခာ လုံခြုံမှုနှင့် သက်မွေးဝမ်းကျောင်း အစီအစဉ်** ကုန်ကျစားရိတ်သည် သတ်မှတ်ထားသည့် ဘတ်ဂျက်ထက် ထိုင်းဘတ် ၁၅ သန်း အနည်းငယ် နိမ့်ကျခဲ့သည်။ အကြောင်းမှာ ဘေဘီဘရိုက် (BabyBRIGHT) ဖြည့်စွက်စာ တဦးတည်းထောက်ပံ့ပေးနေသူ၏ ပြဿနာကြောင့် ဖြစ်သည်။ နောက်ပိုင်းတွင် ဝယ်ယူမှုကို ၂၀၂၄ ခုနှစ် အစောပိုင်းမှသာ လက်တွေ့ ဆောင်ရွက်နိုင်ခဲ့သည်။ ကုန်ကျစားရိတ် အများစုမှာ ဘေဘီဘရိုက် ထုတ်ကုန် ထောက်ပံ့ပေးရန် ဝယ်ယူမှု ဖြစ်သည်။ ယင်းကို မွေးကင်းစကလေးများ နှင့် ကလေးငယ်များ ကျွေးမွေးရေး အစီအစဉ်အတွက် အသုံးပြုသည်။ အလားတူပင် ဖြည့်စွက်စာ ကျွေးမွေးခြင်းနှင့် အတွင်းလူနာဌာန လုပ်ငန်းများတွင်လည်း သုံးသည်။ အခြားသက်ဆိုင်သည့် အသုံးစားရိတ်များတွင် စောင့်ကြည့်လေ့လာမှု၊ ပြန်လည်သုံးသပ်ခြင်း၊ အမြဲစောင့်ကြည့်နေခြင်းများ၊ ပညာပေးမှုဆိုင်ရာ သင်ထောက်ကူပစ္စည်းများ နှင့် သင်တန်းများ၊ သက်မွေးဝမ်းကျောင်း လှုပ်ရှားမှုများ ပါဝင်သည်။

**အဖွဲ့အစည်းဆိုင်ရာ ကုန်ကျစားရိတ်များ** စုစုပေါင်းမှာ ထိုင်းဘတ် ၉၄ သန်း ရှိသည်။ ယင်းသည် ဘတ်ဂျက်ရေးဆွဲထားသည်ထက် အနည်းငယ် ၇% လျှော့နည်းနေသည်။ လူပုဂ္ဂိုလ်ဆိုင်ရာ သက်ဆိုင်သည့်ကုန်ကျစားရိတ်များမှာ လစာများ၊ အကျိုးခံစားခွင့်များ၊ အာမခံကြေးများ နှင့် အိမ်ပြန် ခရီးထွက်ခြင်းများ ဖြစ်ပြီး၊ ထိုင်းဘတ် ၇၃.၅ သန်း ကုန်ကျသည်။ ၂၀၂၃ ခုနှစ် ပထမ ၃-လပိုင်းတွင် TBC အဖွဲ့က အမှုဆောင် ဒါရိုက်တာ ပူးတွဲအုပ်ချုပ်မှု မိုဒယ်ဖြင့် ဆောင်ရွက်ခဲ့သည်။ ယင်းကာလတွင် ဦးဆောင်သူ နှစ်ဦးလုံးက အမှုဆောင် ဒါရိုက်တာ လစာ ရရှိကြသည်။ နောက်ပိုင်းတွင် TBC အဖွဲ့က အဓိကကျသည့် အမှုဆောင်ဒါရိုက်တာသို့ လွှဲပြောင်းမှုပြု၍ နှစ်၏ကျန်သည့် ကာလများတွင် ဆက်လက်အုပ်ချုပ်စီမံသွားစေမည် ဖြစ်သည်။ အဓိကအကြောင်းပြချက်မှာ ငွေသုံးစွဲမှု လျှော့နည်း မနေစေရေးအတွက် ဖြစ်သည်။ ခန့်မှန်း ထိုင်းဘတ် ၁.၅ သန်းကို အမျိုးမျိုးသော ခရီးသွားလာမှုဆိုင်ရာ စာရင်းများမှ စုစုပေါင်းအဖြစ် စုဆောင်းနိုင်ခဲ့သည်။ စုစုပေါင်း အသုံးစားရိတ် ထိုင်းဘတ် ၉.၁ သန်း ရှိပါသည်။ ထို့အပြင် မော်တော်ယာဉ်အသစ် ၂ စင်း ဝယ်ယူခဲ့ရာ ယင်းတို့ကို အလှူရှင်များက အပြည့်အဝ ကျခံခဲ့ရာ၊ ယခု ပိုမိုသုံးစွဲမှုအဖြစ် စာရင်းပေါက်စေခဲ့သည်။ TBC အဖွဲ့၏ နှစ်စဉ် ပြင်ပလုပ်ငန်းစစ် ကုန်ကျစားရိတ်မှာ ထိုင်းဘတ် ၂.၆ သန်းသို့ တိုးမြင့် ကုန်ကျခဲ့သည်။ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းဘတ် ၂.၄ သန်း ကုန်ကျခဲ့သည်။

**အိုင်တီ (IT) နှင့် ဆက်သွယ်ရေးကုန်ကျစားရိတ်များ။** ဘတ်ဂျက်ထက် ၂၀% ပို၍ သုံးစွဲခဲ့ပြီး စုစုပေါင်း ထိုင်းဘတ် ၃ သန်း ရှိသည်။ TBC အဖွဲ့က အပိုဆောင်းရန်ပုံငွေများကို တနှစ်လုံး ဆက်လက် ရရှိနေခဲ့ပြီး လိုအပ်သည့် လက်ပ်တော့ ကွန်ပြူတာများကို ဝယ်ယူနိုင်ခဲ့သည်။ အဟောင်းများနှင့် အစားထိုးနိုင်ခဲ့သည်။ ယေယုယျအားဖြင့် TBC အဖွဲ့၏ ဘတ်ဂျက်များတွင် တနှစ်လျှင် အစားထိုးဖြည့်ဆည်းရန် ၂၀ ယူနစ် ခွင့်ပြုထားသည်။ ကွန်ပြူတာများ၏ သက်တန်းမှာ ၅ နှစ်ခန့် ရှိနေကြပြီ ဖြစ်သည်။ TBC အဖွဲ့က အမှုဆောင် ဒါရိုက်တာကို ရှာဖွေခန့်အပ်ရန် ကုန်ကျစားရိတ်များလည်း နှစ်၏နောက်ဆုံးလများတွင် ကျသင့်ခဲ့ပြီး ကုန်ကျစားရိတ် ထိုင်းဘတ် ၁.၅ သန်းခန့် ရှိသည်။

**မြန်မာနိုင်ငံရှိ အသုံးစားရိတ်**သည် ဘတ်ဂျက်တွက်ချက်ထားသည်ထက် ၅% ပို၍ ကုန်ကျခဲ့ပါသည်။ အကြောင်းမှာ ဂရန့်အကြီး နှစ်ခုကို ကုန်ကျစားရိတ်ဖြင့် တိုးချဲ့ခဲ့ခြင်း (cost extension) ကြောင့် ဖြစ်သည်။ ယင်းတို့မှာ UNOPS-LIFT နှင့် UNOPS-NEXUS (DCA မှတဆင့်) ဂရန့်များ ဖြစ်သည်။ TBC အဖွဲ့က ယခင်နှစ်မှ မျှော်လင့်ထားသော်လည်း မသုံးဖြစ်သည့် လက်ကျန်ငွေစာရင်းကို ဆက်လက်သယ်ဆောင်လာမှု မြင့်မားနေသောကြောင့်လည်း ဖြစ်သည်။ စုစုပေါင်း အသုံးစားရိတ်သည် ထိုင်းဘတ် ၁၀၅ သန်းရှိပြီး ဂရန့်နှစ်ခုလုံးသည် ၂၀၂၄ ခုနှစ်သို့ ဆက်လက် ဆောင်ရွက်နေမည် ဖြစ်သည်။

အနှစ်ချုပ်အဖြစ်၊ မူလက လျာထားသည့် ဘတ်ဂျက်များထက် ပို၍ကုန်ကျသုံးစွဲခဲ့ရခြင်း၏ အဓိက အကြောင်းအရင်းမှာ စခန်း ၉-ခု ရှိ ဒုက္ခသည်လူထုများ၏ အခြေခံလိုအပ်ချက်များနှင့် ကာကွယ်ပေးမှုများအပေါ် TBC အဖွဲ့က သေချာတုံ့ပြန် ဆောင်ရွက်ပေးနိုင်ရေးအတွက် တွန်းဆော်မှုကြောင့် ဖြစ်သည်။ အလားတူပင် ဤသို့ ထပ်တိုးသုံးစွဲရခြင်းမှာ မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းမှုကို တုံ့ပြန်ကူညီနိုင်ရန် (အသက်ကယ်ရေး လုပ်ငန်းဆောင်တာများနှင့် အစီအစဉ်များအတွက်) TBC အဖွဲ့က နောက်ထပ်အပို ရန်ပုံငွေ မြှင့်တင်နိုင်ခြင်းကြောင့်လည်း ဖြစ်သည်။ ယခုနှစ်အတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်းမှနေ၍ အမြတ်ငွေ ရရှိခဲ့သည်။ အထူးသဖြင့် အမေရိကန်ဒေါ်လာမှနေ၍ ဖြစ်ပြီး တနှစ်ပတ်လုံးတွင် မြင့်မားသည့် အသုံးစားရိတ် သုံးနိုင်ရေးအတွက် အထောက်အကူ ဖြစ်စေသည်။

<u>ငွေစာရင်းရှင်းတမ်း (Balance Sheet)</u>

**ဇယား ၁။ ၁။** ဤနောက်ဆက်တွဲသည် နှစ်ကုန်တွင် ငွေသားနှင့် ဘဏ်စာရင်း လက်ကျန်များကို ဖော်ပြထားပြီး စုစုပေါင်း ထိုင်းဘတ် ၁၃၂ သန်း ရှိပါသည်။ သို့မဟုတ် ယခင်နှစ်ထက် ထိုင်းဘတ် ၉ သန်း ပိုများပါသည်။

ဝင်ငွေ ရရှိမှုကို ငွေသားမရရှိမီတွင် အသိအမှတ်ပြုထားသည့်အခါ လက်ခံရရှိဖွယ် ရှိငွေ (receivable) အဖြစ် စာရင်းသွင်းပါသည်။ အချို့သော ရန်ပုံငွေများကို အရစ်ကျ လွှဲပြောင်းပေးမှုပြုပြီး၊ အစီရင်ခံစာ လက်ခံရရှိပြီးမှသာ အသုံးစားရိတ် လက်ခံဖြတ်ပိုင်းများ အသိအမှတ်ပြုပြီးမှသာ ရရှိနိုင်သည်။ နှစ်တနှစ်တွင် လက်ခံရရှိဖွယ် ရှိငွေ (receivable) အဆင့်သည် အပြောင်းအလဲ ရှိနိုင်သည်။ သဘောတူညီချက်များကို မည်သည့်အချိန်တွင် လက်မှတ်ရေးထိုးသည်၊ ငွေလွှဲပေးမှု မည်သည့်အချိန်တွင်ဆောင်ရွက်သည့်အပေါ် မူတည်သည်။ အလှူရှင်ထံမှ လက်ခံရရှိဖွယ် ရှိငွေ (receivable) များသည် ဒီဇင်ဘာလအကုန်တွင် စုစုပေါင်း ထိုင်းဘတ် ၄၁၀ သန်း ရှိသည်။

TBC အဖွဲ့၏ စခန်းများသို့ ပစ္စည်း တင်သွင်းထောက်ပံ့ပေးနေသူများသို့ ပုံမှန်ငွေပေးချေမှု ပြုသည်မှာ ပစ္စည်းပို့ဆောင်ပြီးချိန်မှ စ၍ ရက် ၃၀ ဖြစ်ပါသည်။ ငွေပေးချေရမည့် စာရင်းတွင် ပေးချေရမည့် ကုန်ကျစားရိတ် တန်ဖိုးများကို ဖော်ပြထားပြီး၊ ယင်းကို ပစ္စည်းတင်သွင်းသူ၊ ဈေးသည်များသို့ ပေးချေရခြင်း မပြုရသေးသည့် ပမာဏ ဖြစ်သည်။ ဒီဇင်ဘာလအကုန်တွင် ပေးချေရမည့်ငွေစာရင်းတန်ဖိုးမှာ ထိုင်းဘတ် ၂၁ သန်း ဖြစ်ပါသည်။ နှစ်ကုန်တွင် ကြိုတင်ထုတ်ပေးထားသည့် ပမာဏမှာ ထိုင်းဘဏ် ၃၁ သန်း ရှိသည်။

စာရင်းပိတ်လက်ကျန်ငွေမှာ စုစုပေါင်း ထိုင်းဘတ် ၅၅၃ သန်း ရှိပါသည်။ စုစုပေါင်း အပေါင်းလက္ခဏာ ဆောင်သည့် ငွေအရွေ့အပြောင်း (positive net movement) ထိုင်းဘတ် ၂၁ သန်း ရှိပါသည်။ ရန်ပုံငွေ လက်ကျန်စာရင်းကို အမျိုးအစား ၅-ခုအဖြစ် ခွဲခြားသည်။

- **ကန့်သတ် ရန်ပုံငွေ (Restricted)** ဆိုသည်မှာ အလှူရှင်များက သီးခြားရည်ရွယ်ချက်၊ သို့မဟုတ် လှုပ်ရှားမှုများအတွက် စည်းကမ်းသတ်မှတ် ပြဋ္ဌာန်းထားသည့် ရန်ပုံငွေများ ဖြစ်သည်။ စုစုပေါင်းတန်ဖိုး ထိုင်းဘတ် ၄၄၇ သန်းရှိသည်။
- **ခေါင်းစဉ် သတ်မှတ်ထားသည့် ရန်ပုံငွေများ (Designated Funds)။** TBC အဖွဲ့၏ ခေါင်းစဉ်သတ်မှတ်ထားသည့် ရန်ပုံငွေ စုစုပေါင်း ထိုင်းဘတ် ၅၉ သန်း ရှိပြီး အောက်ပါကိစ္စများ ပါဝင်သည်။

- ထိုင်းဘတ် ၂၉ သန်းမှာ အကယ်၍ ဝန်ထမ်းများ လုပ်ငန်းရပ်စဲရပါလျှင် ပေးဆောင်ရမည့် ကုန်ကျစားရိတ် အပြည့်အဝ (ဖြစ်နိုင်ခြေ) ကို ကာမိစေရန် ဖြစ်သည်။ အကယ်၍ TBC အဖွဲ့က မြန်မာနိုင်ငံမှ ထွက်ပြေးလာသူများကို ဆက်လက်ထောက်ပံ့ပေးရန် မလိုအပ်တော့ပါလျှင် ဝန်ထမ်းများလည်း လိုအပ်တော့မည် မဟုတ်ပေ။ ဤရန်ပုံငွေကို နှစ်စဉ် ပြန်လည်ချိန်ညှိသတ်မှတ်ပြီး ထွက်ခွာရမည့် ဝန်ထမ်းများနှင့် ရေရှည်ဝန်ဆောင်ပေးခဲ့မှု စသည့်အချိုးကို တွက်ချက်ထားသည်။
- ထိုင်းဘတ် ၃၀ သန်းမှာ အကယ်၍ အဖွဲ့အစည်းကို နောက်ဆုံးပိတ်သိမ်းရမည်ဆိုလျှင် ကုန်ကျမည့်စားရိတ်ကို ကာမိစေရန် ဖြစ်သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် TBC ဘုတ်အဖွဲ့က ပိတ်သိမ်းမှုဆောင်ရွက်ရာတွင် လုပ်ငန်းဆောင်တာများအပေါ် ပြန်၍ချိန်ညှိထားသော ဘတ်ဂျက်ကို ထိုင်းဘတ် ၅ သန်း လျှော့ချ၍ ပြန်လည် အသိအမှတ်ပြုထားသည်။
- မရွှေ့ပြောင်းနိုင်သော ပစ္စည်းများပိုင်ဆိုင်မှု စုစုပေါင်းတန်ဖိုးမှာ ထိုင်းဘတ် ၂၈၁,၀၆၈ ဖြစ်သည်။

- လွတ်လပ်စွာ သုံးစွဲနိုင်သည့် အရန်ချန်ထားငွေ။ လက်ကျန်စာရင်းတွင် ထိုင်းဘတ် ၄၆ သန်း ရှိသည်။ လွတ်လပ်စွာ သုံးစွဲနိုင်သည့် အရန်ချန်ထားငွေ ဖြစ်သည်။

**ငွေသားစီးဆင်းမှု (Cash Flow)**

**ဇယား ၁။ ၂။** နောက်ဆက်တွဲတွင် ဖော်ပြထားရာ၌ ထိုင်းဘတ် (ထောင်ဂဏန်း၊ ,၀၀၀ ဖြင့်) လစဉ် အမှန်တကယ် ငွေစီးဆင်းမှု နှင့် ငွေလည်ပတ်မှု- အပိုငွေသား liquidity surplus/ (လိုအပ်ချက်) များကို ၂၀၂၃ ခုနှစ် အတွက် ဖော်ပြထားသည်။ ယခုနှစ်အတွက် စုစုပေါင်း ငွေစီးဆင်းမှုမှာ ထိုင်းဘတ် ၆.၅ သန်း ဖြစ်သည်။ ယင်းတွင် ငွေသားရရှိ မှု စုစုပေါင်း ထိုင်း ဘတ် ၉၄၆ သန်း နှင့် ပစ္စည်းထောက်ပံ့သူများထံ ပေးချေရမှု ထိုင်းဘတ် ၉၃၉ သန်း ပါဝင်သည်။

ငွေသားလည်ပတ်မှု (Liquidity) ပြဿနာကို အနီးကပ်စောင့်ကြည့် လေ့လာမှုပြုသည်။ ယင်းမှာ အလှူရှင်များက အချိန်မီ ငွေလွှဲပြောင်းပို့ပေးသည့်အခါ အဓိကပြဿနာတခု မဟုတ်ပါ။ သို့သော်လည်း TBC အဖွဲ့က အလှူရှင်များထံမှ ကြိုတင်ထုတ်ပေးငွေနှောင့်နှေးရရှိသည့်အခါ အကဲဆတ်သည့် ပြဿနာ ဖြစ်ပါသည်။ အထူးသဖြင့် ဒုတိယနှင့် တတိယ ၃-လပိုင်းကာလတွင် ဖြစ်၍ အမိုးအကာ နှင့် မီးသွေးတို့နှင့် ပတ်သက်၍ စုဆောင်းဝယ်ယူမှု အကြီးအကျယ်ပြုကြရသည့် အခါမျိုးတွင် ဖြစ်သည်။ TBC အဖွဲ့က ပုံမှန်အားဖြင့် ၆၀% ကျော်သော ၎င်း၏ဘတ်ဂျက်ကို နှစ်တနှစ်၏ ပထမနှစ်ဝက်တွင် အသုံးပြုကြရပါသည်။

၂၀၂၃ ခုနှစ်တွင် TBC အဖွဲ့အနေဖြင့် အဓိကကျသည့် ငွေသားလည်ပတ်စီးဆင်းမှု ပြဿနာများ မကြုံတွေ့ခဲ့ရသော်လည်း၊ အရေးပေါ် အခြေအနေများ တုံ့ပြန်ကူညီရန် မိတ်ဖက်အဖွဲ့အစည်းများသို့ ကြိုတင်ငွေ ထုတ်ပေးရမှုများ တိုးတက်များပြားလာသည်။ အလှူရှင်အဖွဲ့များက TBC အဖွဲ့ထံ မည်မျှမြန်မြန်ဆန်ဆန် ကြိုတင်ငွေ ထုတ်ပေးနိုင်မည် ဆိုသည်နှင့် TBC အဖွဲ့က ယင်း ပမာဏတူ ရန်ပုံငွေကို မိတ်ဖက်အဖွဲ့အစည်းများထံသို့ ပြန်ထုတ်ပေးနိုင်မည် ဟူသော အချက်အပေါ် မူတည်၍ စီမံခန့်ခွဲမှုပြုရန် ဆက်လက်၍ စိန်ခေါ်မှုများ ကြုံနေရဆဲ ဖြစ်ပါသည်။

မိတ်ဖက်အဖွဲ့အစည်းများသို့ လက်ခွဲဂရန့် (subgrants) အရေအတွက်မှာ ၂၀၂၂ ခုနှစ်တွင် ၉၅ ခုမှ ၂၀၂၄ ခုနှစ်တွင် ၈၄ ခုသို့ လျှော့နည်းလာသည်။ အချို့အဖွဲ့များမှာ အမျိုးမျိုးသော စီမံကိန်းများအတွက် ကြိုတင်ပေးရငွေများ အမျိုးမျိုး ပေးခဲ့ရသည်။ တနှစ်ပတ်လုံးတွင် ပျမ်းမျှအားဖြင့် ကြိုတင်ထုတ်ပေးရငွေ ထိုင်းဘတ် ၅၅ သန်း ပုံမှန်အားဖြင့် ရှိခဲ့သည်။ ငွေလက်ကျန်စာရင်းတွင် နည်းသည့်အခါ TBC အဖွဲ့က ဤငွေပမာဏကို အချိန်ကာလတခုတွင် မည်မျှအတိုင်းအတာ ဆောင်ရွက်နိုင်မည်ဆိုသည်ကို အကန့်အသတ် ဖြစ်စေသည်။

အလှူရှင်များအနေဖြင့် သဘောတူညီချက် လက်မှတ်ရေးထိုးပြီးသည်နှင့် မကြာမီတွင် အရေးပေါ် ရန်ပုံငွေများ လွှဲပြောင်းထုတ်ပေးရန် လိုအပ်ပါသည်။ သို့မဟုတ်ပါက လုပ်ငန်းအကောင်အထည်ဖော်ရာတွင် နှောင့်နှေးမှုများ ဖြစ်ပေါ်နိုင်ပါသည်။ ဤအချက်မှာ အလှူရှင်များက အရေးပေါ်ရန်ပုံငွေများကို ပုံမှန် ဂရန့်ထောက်ပံ့မှုများနှင့် ပေါင်းစည်းတွဲချိတ်သည့်အခါ TBC အဖွဲ့အနေဖြင့် ပုံမှန်ဂရန့် လုပ်ငန်းစဉ်စက်ဝိုင်း အပြည့်အဝဖြစ်စေရန် စောင့်ဆိုင်းနေရသည့်အခါမျိုး၌ အထူးသဖြင့် ဖြစ်တတ်ပါသည်။

**ဂရန့် ခွဲဝေသတ်မှတ်မှုများ**

**ဇယား ၁။ ၃။** နောက်ဆက်တွဲ ဇယားများတွင် အလှူရှင်တဖွဲ့ချင်း၏ အသုံးစားရိတ်များကို TBC အဖွဲ့၏ တစုံလုံးဆိုင်ရာ မဟာဗျူဟာ ရည်မှန်းချက်များအတိုင်း ခွဲခြားဖော်ပြထားပါသည်။

ကန့်သတ်ထားသည့် ရန်ပုံငွေများကို သတ်မှတ်ထားသည့် (designated) နှင့် အထွေထွေ ရန်ပုံငွေများ (General funds) နှင့် ခွဲခြားထားရှိပါသည်။ ကန့်သတ်ရန်ပုံငွေများ၏ ဝင်ငွေများနှင့် အသုံးစားရိတ် ပေးဆောင်မှုများကို TBC ၏ စာရင်းဇယား မှတ်တမ်းထိန်းသိမ်းမှုအရ ဦးတည်ချက်များအတိုင်း တိုက်ရိုက်ခွဲဝေမှု ပြုသည်။ အတိအကျ ခွဲဝေသုံးစွဲပေးရန် မလိုအပ်သည့် အလှူရှင်များ၏ လှူငွေများအဖို့ ရန်ပုံငွေများကို ဇယား၏ အောက်ခြေတဝက်တွင် မဟာဗျူဟာရည်မှန်းချက်များအတွက် off-line သဘော ခွဲဝေချမှတ် အသုံးပြုသည်။ ဇယား၏ အောက်ခြေတဝက်တွင် ဖော်ပြထားသည်။ ရှေ့သို့ယူဆောင်လာသည့် ငွေစာရင်းလက်ကျန်များသည်၊ ယခုတိုင်မပြုရသေးသည့် အသုံးစရိတ်များကို ဝင်ငွေများ အလိုက် ကိုယ်စားပြုဖော်ပြထားခြင်း ဖြစ်သည်။

## ၂၀၂၃ ခုနှစ် အမှန်တကယ် ဘတ်ဂျက်နှင့် ၂၀၂၄ ခုနှစ်အတွက် ဘတ်ဂျက်ကြိုတင် ခန့်မှန်းချက်

| မဟာဗျူဟာ ရည်မှန်းချက်များ (၂၀၂၃- ၂၀၂၅) | ၂၀၂၃ အမှန်စာရင်း | ၂၀၂၄ ဘတ်ဂျက်ခန့်မှန်း |
|---|---|---|
| ၁။ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို ဦးစားပေးခြင်း | ၄၆၅,၀၀၀,၀၀၀ | ၅၈၅,၀၀၀,၀၀၀ |
| မြန်မာနိုင်ငံတွင် အရေးပေါ်အခြေအနေ | ၁၆၁,၀၀၀,၀၀၀ | ၆၃,၀၀၀,၀၀၀ |
| ထိုင်းနိုင်ငံတွင် အရေးပေါ်အခြေအနေ | ၅၉,၀၀၀,၀၀၀ | ၃၁,၀၀၀,၀၀၀ |
| ၂။ ကြံ့ကြံ့ခံနိုင်မှုနှင့် ပြန်လည်နာလံထမှုကို အားဖြည့်ပေးခြင်း | ၄၈,၀၀၀,၀၀၀ | ၃၁,၀၀၀,၀၀၀ |
| ၃။ ကာကွယ်ပေးမှုနှင့် လုံခြုံသော အနာဂတ်များအတွက် မြှင့်တင်ပေးခြင်း | ၅၆,၀၀၀,၀၀၀ | ၅၇,၀၀၀,၀၀၀ |
| ၄။ ဒေသန္တရအုပ်ချုပ်ရေးစနစ်ကို သန်မာအားကောင်းစေခြင်း | ၄၄,၀၀၀,၀၀၀ | ၄၈,၀၀၀,၀၀၀ |
| အဖွဲ့အစည်းဆိုင်ရာ ကုန်ကျစားရိတ် | ၉၈,၀၀၀,၀၀၀ | ၁၀၆,၀၀၀,၀၀၀ |
| စုစုပေါင်း (ထိုင်းဘတ်ဖြင့်) | ၉၃၁,၀၀၀,၀၀၀ | ၉၂၁,၀၀၀,၀၀၀ |
| စုစုပေါင်း (အမေရိကန်ဒေါ်လာဖြင့်) | ၂၆,၆၀၀,၀၀၀ | ၂၆,၃၁၄,၂၈၆ |

### ဝင်ငွေ

မျှော်လင့်ထားသည့် ဝင်ငွေမှာ ၂၀၂၄ ခုနှစ်အတွက် ထိုင်းဘတ် ၉၆၃ သန်း ရှိပါသည်။ တည်ဆဲ အလှူရှင်များအပေါ်တွင် လုံးဝမှီခိုတွက်ချက်ထားခြင်း ဖြစ်ပြီး၊ ထိုင်းနိုင်ငံတွင်းရှိ စခန်းများ၏ ပုံမှန်လိုအပ်ချက်အပေါ် ပြည့်မီစေရန် အနိမ့်ဆုံးတွက်ချက်ထားခြင်း ဖြစ်သည်။ ဤကိန်းဂဏာန်းသည် ၂၀၂၃ ခုနှစ်ထက် ထိုင်းဘတ် ၁၂ သန်း လျှော့နည်းကြောင်း ထင်ဟပ်ဖော်ပြနေပါသည်။ ဤသို့တိုးတက်လာခြင်းမှာ အဓိကအားဖြင့် ယခင်ကနှစ်များတွင် ဘတ်ဂျက်ပို၍ သတ်မှတ်ထားမှုများအတွက်ကြောင့် လိုအပ်သည့် နှစ်အချို့ကြာ သဘောတူညီချက်များကြောင့် ဖြစ်ပါသည်။

**<u>အသုံးစားရိတ်အပေါ် ခန့်မှန်းချက်များ</u>**

- နှစ်ကုန်ဆုံးချိန်တွင် TBC အဖွဲ့က စခန်းရှိ လူဦးရေကို ၉၂,၀၀၀ အထက် ၆% တိုးတက်မှန်း၍ ဘတ်ဂျက်ကို ရေးဆွဲပါသည်။
- ရိက္ခာကတ်စနစ် (FCS) သည် စုစုပေါင်းအသုံးစားရိတ် ထိုင်းဘတ် ၃၁၇ သန်းရှိပြီး၊ စုစုပေါင်း အသုံးစားရိတ်၏ ၃၄% ရှိပါသည်။ FCS စနစ်ဖြင့် ဒုက္ခသည်များက သူတို့အပေါ် ကျရောက်လာမည့် ကုန်ဈေးနှုန်း ကြီးမြင့်မှု အန္တရာယ်ကို ရှောင်လွှဲနိုင် စေပါသည်။ TBC အဖွဲ့က စခန်းများ အတွင်း ဈေးသည်များက ရောင်းချနေသည့် လူသုံးကုန်ပစ္စည်းများ၏ ဈေးနှုန်းများကို စောင့်ကြည့်လေ့လာနေပြီး၊ ရိက္ခာကတ်ဖြင့် ဝယ်ယူနိုင်သည့်စွမ်းအား တည်ငြိမ်မှုရှိစေရန်၊ လျော်ကန်သင့်တော်သည့် ဈေးနှုန်းဘောင်အတွင်း ရှိနေစေရန် စီမံပေးပါသည်။
- မီးသွေးအတွက် ထိုင်းဘတ် ၁၂၈ သန်း ကုန်ကျပြီး၊ ဘတ်ဂျက်၏ ၁၃% ရှိပါသည်။ ပြီးခဲ့သည့်နှစ် ကုန်ကျစားရိတ်၊ လူဦးရေနှင့် နှိုင်းယှဉ်လျှင် ၁၄% မြင့်မားလာကြောင်း ထင်ဟပ်နေပါသည်။
- ရရှိထားသမျှ အရေးပေါ်ကိစ္စများ ဖြေရှင်းရန်အတွက် လက်ရှိ ခန့်မှန်းထားမှုမှာ ထိုင်းဘတ် ၉၄ သန်း ရှိပါသည်။
- အမိုးအကာအတွက် ဘတ်ဂျက်မှာ မည်သည့်အခါမျှ အမှန်တကယ် လိုအပ်ချက်များအတိုင်း အပြည့်အဝ မရရှိပါ။ သို့သော် ထိုင်းဘတ် ၂၂ သန်းသို့ အနည်းငယ် တိုးတက်လာပါသည်။
- စားနပ်ရိက္ခာ လုံခြုံရေးနှင့် အာဟာရ ရရှိရေး လုပ်ငန်းများ၏ အကြီးမားဆုံး ကုန်ကျစားရိတ်မှာ SFC/TFC အစီအစဉ်များအတွက် ဘေဘီဘရိုက် (Baby Bright) ထောက်ပံ့ပေးခြင်း ဖြစ်သည်။ ဘတ်ဂျက်မှာ ထိုင်းဘတ် ၁၇ သန်းသို့ တိုးများလာသည်။ TBC အဖွဲ့က အစီအစဉ်ကို ရန်ပုံငွေ ထောက်ပံ့ပေးနေသည့် အဓိကကျသည့် အလှူရှင်အဖွဲ့အစည်းတခုက

သူတို့၏ ဘတ်ဂျက် အကန့်အသတ်များကြောင့် နှုတ်ထွက်တော့မည်ဟူသော သတင်းစကား ရရှိထားပါသည်။ သို့ဖြစ်ရာ ရန်ပုံငွေ လစ်ဟာမှုဖြစ်နိုင်သည်ဟု သတ်မှတ်ဖော်ထုတ်ထားပါသည်။

- TBC အဖွဲ့က ဝန်ထမ်း ၆၂ ဦးနှင့် ကန်ထရိုက်တာ ၈ ဦးတို့နှင့်အတူ ယခုနှစ်အတွင်း စီမံဆောင်ရွက်နေပါသည်။ အကယ်၍ မြန်မာ မျှော်လင့်ထားသည့်အတိုင်း မြန်မာနိုင်ငံရှိ တုံ့ပြန်မှု လုပ်ငန်းများ ကြီးထွားလာပါက ဝန်ထမ်းအချို့ ပို၍လိုအပ်နိုင်ပါသည်။
- စခန်းအတွင်း လစာထောက်ပံ့ငွေမှာ ၂၀၂၂ ခုနှစ်တွင် ၂၀% တိုးတက်လာသည်။ ဘတ်ဂျက်မှာ ထိုင်းဘတ် ၃၀.၅ သန်း ရှိပါသည်။
- အဖွဲ့အစည်းဆိုင်ရာ ကုန်ကျစားရိတ်မှာ ထိုင်းဘတ် ၁၀၅ သန်းအဖြစ် ဘတ်ဂျက် ရေးဆွဲထားပါသည်။ စာရင်းစစ်နှင့် အုပ်ချုပ်ရေးစနစ် ကုန်ကျစားရိတ်များပါဆိုလျှင် ထိုင်းဘတ် ၅ သန်း ရှိပါမည်။
- မြန်မာနိုင်ငံ အစီအစဉ်အတွက် ထိုင်းဘတ် စုစုပေါင်း ၁၈၄ သန်း ရှိပါသည်။ အများစုမှာ မိမိဘာသာ အပြည့်အဝ ရန်ပုံငွေထောက်ပံ့မှုဖြစ်ပြီး TBC အဖွဲ့က ရှာဖွေနိုင်သည့် ရန်ပုံငွေများအပေါ် အမှီပြုထားခြင်း ဖြစ်ပါသည်။
- မြန်မာနိုင်ငံရှိ အကျပ်အတည်းကြောင့် အိမ်ပြန်ရေး အစီအစဉ်ကို ရပ်တန့်စေခဲ့ပြီး လူသားချင်းစာနာမှု ကပ်ဘေးအကျပ်အတည်းကို ပိုမိုဆိုးရွားစေခဲ့ပါသည်။ အရေးပေါ် ဆောင်ရွက်မှုများ လုပ်ဆောင်ရန် လိုအပ်လာပါသည်။ TBC အဖွဲ့က လက်ဦးမှုရှိစွာ ရန်ပုံငွေကြိုတင် ရှာဖွေသွားမည် ဖြစ်ပြီး ဤအချက်များအပေါ် မူတည်၍ တုံ့ပြန်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ TBC အဖွဲ့က စုစုပေါင်း အသုံးစားရိတ် ထိုင်းဘတ် ၉၂၀ သန်း ခန့်မှန်းထားပါသည်။ ၂၀၂၃ ခုနှစ် အမှန်တကယ် အသုံးစားရိတ်ထက်ဆိုလျှင် ထိုင်းဘတ် ၁၁ သန်း လျှော့နည်းနေပါသည်။
- နိုင်ငံခြားငွေ လဲလှယ်နှုန်းများ (FX rates) သည် ဘတ်ဂျက်ကို စောင့်ကြည့်လေ့လာရာတွင် အဓိကကျသည့် အပြောင်းအလဲ ကိန်းရှင်များအဖြစ် ဆက်ရှိနေပါသည်။ အကြောင်းမှာ ဂရန့်များကို နိုင်ငံခြားငွေဖြင့် ရရှိ၍ အသုံးပြုရန် ငွေလဲလှယ်ရသောကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ ထိုင်းဘတ်ဖြင့် ဝယ်ယူနိုင်စွမ်းအားမှာ တည်ငြိမ်နေရန် လိုအပ်ပါသည်။

**<u>ရန်ပုံငွေ ရရှိမှု</u>**

**ဇယား ၅။ ၅။ ၂၀၁၅-၂၀၂၃ ခုနှစ် ဝင်ငွေနှင့် သုံးငွေ နှင့် ၂၀၂၄ ခုနှစ်အတွက် ခန့်မှန်းထားချက်များ (ထိုင်းဘတ် သန်း)**



## ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် ဘဏ္ဍာရေး အလားအလာ

TBC အဖွဲ့က စခန်းများ၏ ပြင်ပတွင် ဒုက္ခသည်များအတွက် သူတို့၏မိမိဘာသာ ဖူလုံရေးတိုးမြင့်လာစေရန် သက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ရှာဖွေဆဲ ဖြစ်ပါသည်။ ထို့အပြင် စခန်းများအတွင်း ကျန်ရှိနေသော အထူးထိခိုက်နစ်နာဖွယ်ရှိသည့် လူအုပ်စု များကို ဆက်လက်၍ ပံ့ပိုးပေးနေဆဲ ဖြစ်သည်။ မြန်မာနိုင်ငံတွင် အကြမ်းဖက် ဆူပူအုံကြွမှုများ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ စတင် ဖြစ်ပွားလာခဲ့ရာ နိုင်ငံ၏ ပို၍ဆိုးရွားလာသည့် အခြေအနေများကြောင့် အိမ်ပြန်ရေးမှာ ကာလအကန့်အသတ်မရှိ ဖြစ်နိုင်ခြေ မရှိပါ။ သို့အတွက်ကြောင့် TBC အဖွဲ့အနေဖြင့် နယ်စပ်တွင် အဓိကအခန်းကဏ္ဍမှာ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ မိတ်ဖက် အဖွဲ့အစည်းများနှင့် လုပ်ကိုင်၍ ယခင်ကအတိုင်း ဆက်လက်အရေးပါ တည်ရှိနေရမည် ဖြစ်ပါသည်။ သို့တိုင်အောင် TBC အဖွဲ့က ဝင်ငွေရရှိရေး မျှော်မှန်းချက်များအပေါ် မှီခိုကိုးစားနိုင်သည်ဟု ယုံကြည်ချက် အပြည့်ရှိနေပါသည်။ ၂၀၂၄ ခုနှစ်အတွင်း စခန်းများ လိုအပ်ချက်အတွက် ဖူလုံနိုင်ပါသည်။ တိုး၍ဖြစ်ပေါ်နေသည့် တောင်းဆိုချက်များကြောင့် နောက်ထပ်ရန်ပုံငွေများ လိုအပ်နိုင်ပါ သည်။

TBC အဖွဲ့၏ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသမှ မိတ်ဖက်အဖွဲ့အစည်းများနှင့် လုပ်ဆောင်မှုများသည် အရေးပေါ် တုံ့ပြန်ကူညီမှု များ အတွက် ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပြီး၊ ရန်ပုံငွေလိုအပ်ချက်များ ဆက်လက်ရှိနေမည်သာမက တိုးချဲ့လာမည်ဟု မျှော်လင့်ထားပါသည်။ မြန်မာနိုင်ငံရှိ အစီအစဉ်များနှင့် ပတ်သက်သည့် ကုန်ကျစားရိတ်များမှာ ၂၀၂၄ ခုနှစ်အတွင်း ၁၀၀% ပြည့် မိမိဘာသာ တည်တံ့နေအောင် ထိန်းသိမ်းထားနိုင်မည်ဟု မျှော်လင့်ပါသည်။ UNOPS- LIFT’s, FCDO, UNOPS-Nexus အဖွဲ့ အစည်းများနှင့် နယူးဇီလန်နိုင်ငံမှ MFAT, အပြည်ပြည်ဆိုင်ရာ ရပ်ရွာမိတ်ဖက်များ အဖွဲ့ Community Partners International (CPI) နှင့် မိတ်ဖက်ပြု၍ USAID ထံမှ ဂရန့်များ ရရှိနိုင်မည်ဟု မျှော်လင့်ထားပါသည်။

## နောက်ဆက်တွဲများ

**နောက်ဆက်တွဲ (က)** ***CCSDPT ၏ ဖွဲ့စည်းပုံ***

**နောက်ဆက်တွဲ (ခ)** ***ဘဏ္ဍာရေးဆိုင်ရာ ဇယားများ***

- ဇယား ခ ၁ ငွေစာရင်းရှင်းတမ်း- ဒီဇင်ဘာလ ၃၁၊ ၂၀၂၂ နှင့် ဒီဇင်ဘာလ ၃၁၊ ၂၀၂၃ ခုနှစ်
- ဇယား ခ ၂ ငွေစာရင်းရှင်းတမ်း- ဇန်နဝါရီမှ ဒီဇင်ဘာလ ၂၀၂၃ ခုနှစ် (ထိုင်းဘတ် ထောင်ဂဏန်း)
- ဇယား ခ ၃- ဂရန့်ခွဲဝေသတ်မှတ်မှု ဇန်နဝါရီ- ဒီဇင်ဘာလ ၂၀၂၃ ခုနှစ်

**နောက်ဆက်တွဲ (ဂ)** ***အမည် အတိုကောက်များ***